# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင် ထုတ်ဝေသည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday 14 June 2018 ၉၃၁၇


**ရာနှုန်းပြည့်မိုး**

**နေပြည်တော်**
မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**
မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**လေ့စီးဒုက္ခသည်များအား ငါးခူရပြန်လည်လက်ခံရေး စခန်းတွင် ဥပဒေနှင့်အညီ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ - ၁၀

**သထုံမြို့နယ် ကတိုက်ကြီး ကျေးရွာအနီး သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား**

စာမျက်နှာ - ၁၁

**ပြုံယမ်းအား ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ပယ်ဖျက်ပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တရုတ် တိုက်တွန်း**

စာမျက်နှာ - ၁၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အထူးကိုယ်စားလှယ်တို့သည် ရခိုင်ပြည်နယ်အရေး အပါအဝင် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရေးတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်**

ထို့နောက် အထူးကိုယ်စားလှယ်က ခရီးစဉ် လာရောက်ခြင်းမှာ ရခိုင်ပြည်နယ်ကိစ္စ ဖြေရှင်းရေးတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အသိုက်အဝန်း နှစ်ခုအား ပိုမိုနီးကပ်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား အထောက်အကူပြုရန် ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## အမေရိကန်-ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံမှ ကြိုဆို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရမ့်နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင် ကင်မ်ဂျုံအွန်းတို့အကြား ကျင်းပပြုလုပ်ခဲ့သည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို ကြိုဆိုပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ အစည်းအဝေးမှ ရရှိလာသည့် အပြုသဘောဆောင်သည့်ရလဒ်များသည် ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားလက်နက် လုံးဝကင်းစင်ရေးအတွက် ခေါင်းဆောင်နှစ်ဦးအကြား ဆက်လက်ဆောင်ရွက်နိုင်စေမည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၏ တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ သမိုင်းတွင်မည့် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အမေရိကန်နိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် အထောက်အကူပြုခဲ့သည့်နိုင်ငံများ၊ အထူးသဖြင့် သမိုင်းဝင်ဆွေးနွေးပွဲ တစ်ရပ်ကို လက်ခံကျင်းပပေးခဲ့သည့် လက်ရှိ အာဆီယံဥက္ကဋ္ဌ စင်ကာပူနိုင်ငံတို့အား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်။**




ကြေးမုံ

## နှလုံးစိတ်ဝမ်းအေးချမ်းဖို့ ဝိုင်းဝန်းကြိုးပမ်းစို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနမှ သတင်းထောက်က သီးသန့်တွေ့ဆုံမေးမြန်းခန်း၌ ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအပေါ် စွပ်စွဲဝေဖန်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖြေကြားခဲ့မှုများကို ရှင်းရှင်းလင်းလင်း ကြားသိခဲ့ရပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီပြဿနာဟာ ကာလရှည်ကြာဖြစ်တည်လာတဲ့ ပြဿနာဆိုတာပါ။ အရင်ရာစုနှစ် နှစ်ခုလောက်ကတည်းက ဖြစ်တည်လာတဲ့ ပြဿနာဆိုတာကို လူတွေ မေ့လျော့နေကြပါတယ်။ ဒါဟာ မနေ့ကမှ ဖြစ်ခဲ့တဲ့အရာမဟုတ်ဘူး။ ဒီလောက် ကာလရှည်ကြာဖြစ်တည်လာတဲ့ ပြဿနာကို လအနည်းငယ်အတွင်းမှာ ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန် ရယူခဲ့တာကလည်း နှစ်နှစ်လောက်ပဲ ရှိသေးတာပါ။ ဒီလောက်ကြီးကျယ်လှတဲ့ ပြဿနာကို နေ့ချင်းညချင်း ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံပြင်ပက မဆိုစလောက် လူအချို့နဲ့ မြန်မာနိုင်ငံအတွင်းက မဆိုစလောက် လူအချို့ကပဲ ဒီပြဿနာဟာ သမိုင်းချီပြီး ရှုပ်ထွေးလှတဲ့ပြဿနာလို့ သိရှိကြတာပါ။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ဘာတွေဖြစ်နေလဲ၊ ဘာကြောင့် ကျွန်မတို့ ဒီလိုမျိုး ကိုင်တွယ်ဆောင်ရွက်နေရတာလဲဆိုတာကို ပြည်ပက လူများသာမက ပြည်တွင်းမှာ နေထိုင်သူတွေကလည်း ကောင်းစွာ သိရှိသင့်တယ်။ ကျွန်မတို့ပြည်သူတွေ ရေရေရာရာ သိရှိသင့်တယ်ဆိုတာ အရေးအကြီးဆုံးအချက်ပါ။ ဘာကြောင့်လဲဆိုတော့ ရေရှည်မှာ ကျွန်မတို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေး တိုးတက်ကောင်းမွန်မှုတို့ကို ကျွန်မတို့ကိုယ်တိုင်ကပဲ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်လို့ပါပဲ"ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော အရေးကိစ္စအပေါ် မှန်ကန်သည့် ရှုမြင်ရပ်တည်ချက်ပင်ဖြစ်သည်။ ယနေ့ဖြစ်ပေါ်နေသော ပြဿနာကို ဘက်ပေါင်းစုံမှ ရှုမြင်ပြီး မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်ခြင်းမရှိဘဲ မျက်မှောက်ကာလ လူအများစုတို့က ထင်ရာမြင်ရာ ဇွတ်အတင်းပြောဆိုဝေဖန်နေကြသည်ကို တွေ့ရသည်။ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလျင်စလိုတောင်းဆိုမှုများ၊ ဝေဖန်စွပ်စွဲတောင်းဆိုမှုများ မကြာမကြာ ပြုလုပ်နေသည်ကို တွေ့ရသည်။

အမှန်တကယ်တွင် ဖြစ်စဉ်အမှန်နှင့် နောက်ခံသမိုင်းကြောင်းတို့ကို ဂဃနဏသိရှိထားပြီးမှ ဝေဖန်သုံးသပ် ဆုံးဖြတ်သင့်သည်။ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေဖော်ထုတ်သင့်သည်။ ပစ္စုပ္ပန်အခြေအနေတွင် ဖြစ်ပွားပြီးခဲ့သော မနှစ်မြို့ဖွယ်အနေအထားများကို နှစ်သက်ဖွယ်အနေအထားများဖြင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဆောင်ကြဉ်းသင့်သည်။ ထိုသို့ ဆောင်ကြဉ်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အခြေအနေကောင်းများကို စိတ်ရင်းစေတနာကောင်းများဖြင့် ဖန်တီးပေးနေသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းများ အောင်မြင်စေရေးအတွက် အားတက်သရော လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အပြစ်မြင်ဝေဖန်သုံးသပ်၊ အပြစ်တင် စွပ်စွဲပြောကြားနေကြမည့်အစား ဘာသာလူမျိုး မခွဲခြားဘဲ လူသားများအကျိုးကို သယ်ပိုးဆောင်ရွက်နေသော မွန်မြတ်သည့်လုပ်ငန်းများတွင် တစ်တပ်တစ်အားလက်တွဲပူးပေါင်းပါဝင်စေချင်သည်။

လွတ်လပ်ရေးခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် တရားမျှတပြီး လွတ်လပ်သည့်နိုင်ငံ၊ လူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှအာမခံမည့် ဖြူစင်သည့်ဝါဒကျင့်သုံးသည့်နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားဖြင့် လက်တွဲလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက အာရုံစိုက်နေသည့် ရခိုင်ပြည်နယ်အရေးသာမက နိုင်ငံတစ်ဝန်းလုံးမှာရှိသည့် ပြည်သူများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေဖို့ ဝိုင်းဝန်းကြိုးစားကြဖို့ တိုက်တွန်းချင်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် လွှတ်တော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (တတိယအကြိမ်) အစည်းအဝေး ကျင်းပမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အထွေထွေမန်နေဂျာ ဒေါ်ကေသီကို ယင်းဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၃**

ရန်ကုန်(ရွှေဈေး) ၉၃၄၅၀၀ - ၉၃၄၅၀၀ မန္တလေး(ရွှေဈေး) ၉၃၄၅၀၀ - ၉၃၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၈၀/၁၀၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၃၀/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၂၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၀၈၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၆.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၂၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြေပြင်အခြေအနေနှင့် နက်နဲရှုပ်ထွေးမှုများ၏ ပကတိအခြေအနေများကို သိရှိနားလည်ပြီး အမှန်တရားဘက်မှ ရပ်တည်ရန် အခြေအနေမှန်များကို နိုင်ငံတကာအသိုက်အဝန်းက သိရှိနိုင်စေရန်အတွက် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား အပြုသဘောဆောင်သည့် ပံ့ပိုးမှုများဖြင့် ပေါင်းကူးဆောင်ရွက်ပေးရန် မျှော်လင့်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၂ နာရီတွင် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် The Hon. Concetta Fierravanti-Wells အား အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ ပညာရေးကဏ္ဍအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ ပေးသွားမည့်ကိစ္စများ၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် အပြုသဘော ပါဝင်ကူညီပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ်** The Hon. Concetta Fierravanti-Wells **အား လက်ခံတွေ့ဆုံစဉ်။**





# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ချီးမြှင့်

**ရန်ကုန် ဇွန် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က အမှာစကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



## တီမောလက်စ်တေသမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး ရန်ကုန်မြို့သို့ ရောက်ရှိ

တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး H.E. Mr. Jose Ramos Horta ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့ရောက်ရှိလာရာ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြစဉ်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၃

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းခြောက်ခုနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။**

## တရားဝင်အသုံးအနှုန်းဖြစ်သည့် နယ်နိမိတ်မျဉ်းကို မီဒီယာအဖွဲ့အစည်းအသီးသီး သိရှိစေရန် အသိပေးပြီးဖြစ်

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **၂၁-၂-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မည်သည့်အတွက် Zero Line,Zero Line Area, No Man's Land စကားလုံးများ သုံးစွဲရသည်ကို ရှင်းပြရန်နှင့် Zero Line Area တွင် နေထိုင်သူများမရှိစေရေး မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင် အပိုင်းနှစ်ပိုင်း ပါနေသည်ကို တွေ့ရှိရပါကြောင်း၊ ပထမပိုင်းမေးခွန်းတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်၏ နှစ်နိုင်ငံခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ တွေ့ဆုံဆွေးနွေးပွဲကို နောက်နေ့ထုတ်သတင်းစာတွင် Zero Line,Zero Line Area, No Man’s Land စကားလုံးများကို သုံးစွဲဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ စိစစ်ခဲ့ပါကြောင်း၊ သတင်းရယူပေးသည့် သတင်းထောက်အပါအဝင် အယ်ဒီတာအဖွဲ့ဝင်အဆင့်ဆင့်က စိစစ်ထောက်ပြပြင်ဆင်ရန် အားနည်းခဲ့ခြင်းကြောင့် တရားဝင်အသုံးအနှုန်းဖြစ်သည့် နယ်နိမိတ်မျဉ်း (Boundary Line)ကို မဖော်ပြနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နောင်တွင် အလားတူမဖြစ်စေရန်အတွက် စီစဉ်ဆောင်ရွက်ထားပြီးလည်းဖြစ်ပါကြောင်း၊ တရားဝင်အသုံးအနှုန်းဖြစ်သည့် နယ်နိမိတ်မျဉ်းကို နိုင်ငံပိုင်မီဒီယာများအပါအဝင် ပုဂ္ဂလိကမီဒီယာအဖွဲ့အစည်း အသီးသီး သိရှိစေရန်အတွက်လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် မှန်ကန်သည့် အသုံးအနှုန်းကို အများပြည်သူသိရှိစေနိုင်ရန်အတွက် ဝေါဟာရ အသုံးအနှုန်းများနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာအမည်ဖြင့် ပညာပေးဆောင်းပါးတစ်ပုဒ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း။

ဆက်လက်၍ Zero Line, Zero Line Area, No Man’s Land အသုံးများနှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြလိုပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တွင် အပိုင်းနှစ်ပိုင်းရှိသည့်အနက် နတ်မြစ်ပုံသေနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၆၆ ခုနှစ် မေ ၉ ရက်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ စာချုပ်ကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

အဆိုပါ ကုန်းတွင်းနယ်နိမိတ်စာချုပ် အပိုင်း ၄ အပိုဒ် ၁၄ တွင် နှစ်နိုင်ငံ နယ်နိမိတ်ကို လွယ်ကူစွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန်အတွက် နယ်နိမိတ်မျဉ်းမှ တစ်ဖက်တစ်ချက် ပေ ၁၅၀ အတွင်း မည်သည့်အဆောက်အအုံမှ မဆောက်လုပ်ရန် “In order to make the boundary line easily indentifiable and prevent the emergence of boundary-line intersected villages, neither High Contracting Party shall allow to build new houses or other structures of permanent or temporary nature, within a zone of 150 feet on each side of the boundary line.” ဟု ပြဋ္ဌာန်းထားပါကြောင်း။

## အဆောက်အအုံ မဆောက်လုပ်ရဇုန်ကို No Man’s Land ဟု မှားယွင်းစွာ အရပ်အခေါ် သုံးနေခြင်းဖြစ်

ပြဋ္ဌာန်းချက်အရ နယ်နိမိတ်မျဉ်းကို အလွယ်တကူခွဲခြားနိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော်ကျေးရွာများ တည်ဆောက်ခြင်းကို ဟန့်တားနိုင်ရန်အတွက် စာချုပ်ဝင်နိုင်ငံအနေဖြင့် နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာ ဇုန်အတွင်း မည်သည့်အဆောက်အအုံကိုမှ ဆောက်လုပ်ခွင့်မရှိသည့်အပြင် ဆောက်လုပ်မှုများတွေ့ရှိရပါက ပြန်ဖျက်ပေးရန် တာဝန်ရှိသော်လည်း ထိုနိုင်ငံ၏ အချုပ်အခြာအာဏာသည် နယ်နိမိတ်မျဉ်းအထိ သက်ရောက်မှုရှိပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တစ်လျှောက် နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာတွင် ခြံစည်းရိုးကာရံထားသော်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် ခြံစည်းရိုးရှေ့ပေ ၁၅၀ နယ်နိမိတ်မျဉ်း သွယ်တန်းနေသည့် နေရာအထိ သက်ရောက်ပါကြောင်း၊ အဆောက်အအုံ ဆောက်လုပ်ခွင့်မပြုသည့်အခါ အလိုအလျောက် လူနေထိုင်မှုကိုလည်း တားမြစ်ထားသကဲ့သို့ ဖြစ်နေသည့်အတွက် ဒေသခံပြည်သူများက အဆောက်အအုံမဆောက်လုပ်ရဇုန်ကို No Man’s Land ဟု မှားယွင်းစွာဖြင့် အရပ်အခေါ်အနေဖြင့် အသုံးပြုနေခြင်း ဖြစ်ပါကြောင်း။

ဆက်လက်၍ Zero Line, Zero Line Area ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်၍ ရှင်းပြလိုပါကြောင်း၊ နယ်နိမိတ်မှတ်တိုင်များနှင့် နယ်နိမိတ်မျဉ်းသွယ်တန်းမှုကို နှစ်ဖက်မြေတိုင်း ကျွမ်းကျင်သူများက ပူးတွဲစစ်ဆေးသည့်အခါ နည်းပညာ အခေါ်အဝေါ်အဖြစ် နယ်နိမိတ်မျဉ်းကို Zero Line ဟု အလွယ်တကူ အသုံးပြုလေ့ရှိပါကြောင်း၊ နည်းပညာရပ်ပိုင်းဆိုင်ရာ အခေါ်အဝေါ်သက်သက်သာဖြစ်ပြီး ထိုသို့သုံးစွဲခြင်းသည် အဆောက်အအုံ မဆောက်လုပ်ရဇုန်မျဉ်းကြောင်း 150 feet non-construction line နှင့် နယ်နိမိတ်မျဉ်း (Boundary Line)တို့ကို ကွဲပြားစေရန်လည်းကောင်း၊ non-construction ဇုန်ကို ပိုမိုပေါ်လွင်စေရန်လည်းကောင်း ခေါ်ဝေါ်ခြင်းဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ နယ်နိမိတ်မျဉ်း(Boundary Line)မှ တစ်ဖက်တစ်ချက် ပေ ၁၅၀ လိုင်းအထိသည် non-construction ဇုန်ဖြစ်သည်ဟု ပေါ်လွင်စေရန်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်ကို ပူးတွဲစစ်ဆေးရာတွင် မြေပြင်၌ တိုင်းတာရေးကိရိယာများအသုံးပြုပြီး မျဉ်းကြောင်းများ၊ ဇုန်များပုံဖော်ပြီး မြေပြင်ရှိအဆောက်အအုံများသည် နယ်နိမိတ်မျဉ်းကို ကျော်လွန်ခြင်း ရှိ မရှိနှင့် non-construction Zone အတွင်း ဝင်ရောက်နေခြင်း ရှိ မရှိ စစ်ဆေးလေ့ရှိပါကြောင်း၊ စစ်ဆေးရာတွင် မြန်မာဘက်မှ ဒေသအာဏာပိုင်များ၊ လုံခြုံရေးအရ တာဝန်ရှိသူများသည်လည်း မြန်မာဘက် မြေတိုင်းကျွမ်းကျင်သူများနှင့် လိုက်ပါလေ့ရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် Zero Line ဟူသည့် အသုံးအနှုန်းကို ယဉ်ပါးလျက်ရှိနေပါကြောင်း၊ ထို့ကြောင့် နယ်နိမိတ်မျဉ်းကို ကိစ္စရပ်တစ်ခုခုအတွက် ရည်ညွှန်းသည့်အခါ နှစ်နိုင်ငံမြေတိုင်းကျွမ်းကျင်သူများ အသုံးပြုလျက်ရှိခြင်းတို့ကြောင့် နယ်နိမိတ်မျဉ်းကို Zero Line ဟု အလွယ်တကူ ရည်ညွှန်းပြောဆိုရာတွင် တွင်ကျယ်လာခြင်းဖြစ်ပါကြောင်း၊ ထို့အတူ Zero Line အနီးနေရာကိုလည်း Zero Line Area ဟု ဆက်စပ်သုံးစွဲလာခဲ့ကြပါကြောင်း။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ

## စာချုပ်ပါ အသုံးအနှုန်းအတိုင်း နယ်နိမိတ်မျဉ်း (Boundary Line) ကိုသာ သုံးစွဲရမည်

ယင်းအသုံးကို မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-အိန္ဒိယ မြေတိုင်းကျွမ်းကျင်သူများ (Technical) အဆင့် အစည်းအဝေးများတွင် အသုံးပြုခဲ့သည်မှာ ကြာမြင့်ပြီဟု သိရပါကြောင်း၊ ဥပမာ ၂၀၀၆ ခုနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မြေတိုင်းညွှန်ကြားရေးမှူးအဆင့် အစည်းအဝေးမှတ်တမ်း၊ ၂၀၁၁ ခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် မြေတိုင်းညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးမှတ်တမ်းတို့ ဖြစ်ပါကြောင်း၊ နည်းပညာကျွမ်းကျင်သူများက နယ်နိမိတ်မျဉ်းကို Zero Line ဟု သုံးစွဲခြင်းမှာ နယ်နိမိတ်တိုင်းတာရေးဆိုင်ရာနှင့် ပတ်သက်ပြီး အသုံးပြုခြင်းဖြစ်သည့်အတွက် ပြဿနာမရှိနိုင်သော်လည်း ဒေသအာဏာပိုင်များနှင့် အများပြည်သူများက အသုံးပြုပါက နားလည်မှုလွဲမှားကာ ရှုပ်ထွေးမှုရှိလာနိုင်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်သဘောတူညီချက်စာချုပ်ပါ အသုံးအနှုန်းအတိုင်း နယ်နိမိတ်မျဉ်း (Boundary Line)ကိုသာ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ သုံးစွဲမှုသာ မှန်ကန်မည်ဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း။

ဒုတိယပိုင်းမေးခွန်းဖြစ်သည့် Zero Line Area အမှန်အသုံးအနှုန်း နယ်နိမိတ်မျဉ်း၏ သတ်မှတ်ဧရိယာအတွင်းတွင် နေထိုင်သူများ မရှိစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၏ **နိုင်ငံအတွင်းနေထိုင်သူအားလုံးအား ID နံပါတ်တစ်ခုချင်းစီဖြင့် Database တည်ဆောက်ခြင်းကို ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကမ္ဘာ့နိုင်ငံများတွင် လူဦးရေမှတ်ပုံတင်ခြင်း(e-ID Population)နှင့် နိုင်ငံသားမှတ်ပုံတင်ခြင်း(National Registration) ဟူ၍ အဓိကအားဖြင့် စနစ်နှစ်မျိုးရှိသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို နည်းပညာအသုံးပြု၍ Digital စနစ်ဖြင့် ပြောင်းလဲထုတ်ပေးမည့် စနစ်ကိုသာ လုပ်ဆောင်မည်ဆိုလျှင် နိုင်ငံအတွင်း နေထိုင်သည့် လူအားလုံး၏ အချက်အလက်များကို ရရှိရန်ခက်ခဲနိုင်ခြင်း၊ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကိုသာ ထိန်းသိမ်းနိုင်ပြီး လုံခြုံရေးအရ အခြားအစိုးရအဖွဲ့အစည်းများနှင့် မျှဝေသုံးစွဲမှု မပြုနိုင်ခြင်း၊ နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် e-Government စနစ်နှင့် Single Platform တစ်ခုတည်းဖြစ်ရန် ဆောင်ရွက်၍မရခြင်း စသည့် အားနည်းချက်များကိုတွေ့ရှိရပါကြောင်း။

နည်းပညာအသုံးပြု၍ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးသည့် စနစ်တွင် နိုင်ငံအတွင်း နေထိုင်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် လက်ဗွေ၊ မျက်ကြည်လွှာ၊ မျက်နှာဓာတ်ပုံများကို သိမ်းဆည်း၍ လူတစ်ဦးချင်းအတွက် Unique ID Number တစ်ခုစီပေး၍ Database တွင် မှတ်တမ်းတင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့်ဆောင်ရွက်ပြီး မှတ်တမ်းတင်ပြီးသည့်သူများကို နိုင်ငံသားစိစစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ကို Smart Card ဖြင့် ထုတ်ပေးခြင်းလုပ်ငန်းကို ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ NeID (National electronic Identity) စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများနှင့် ကြာမြင့်ချိန်ကို သိရှိနိုင်ရန်အတွက် လုပ်ငန်းစမ်းသပ်ဆောင်ရွက်ခြင်းကို ပြည်ထောင်စုနယ်မြေ၊ မန္တလေး၊ ရန်ကုန်နှင့် ရခိုင်တို့တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ၂၀၁၈ ခုနှစ် မတ် ၁၉ ရက်အထိ စုစုပေါင်းလူဦးရေ ၄၄၇၄၉ ဦး ကောက်ယူပြီးစီးခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများဖြစ်သည့် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ၃၆၆၄၃ ဦး၊ ပြည်ပအလုပ်သမားလက်မှတ်ထုတ်ပေးရေးရုံး (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၄၉၆၉၈ ဦး၊ ထိုင်းနိုင်ငံသံရုံးတွင် ၂၀၁၄၅၈ ဦးနှင့် ထိုင်းနိုင်ငံရှိ CI စခန်း ၁၁ ခုတွင် ၁၀၅၀၄၀၆ ဦးတို့၏ ကိုယ်ရေးအချက်အလက်နှင့် လက်ဗွေ၊ မျက်ကြည်လွှာ၊ မျက်နှာဓာတ်ပုံများ ကောက်ယူနိုင်ခဲ့ပါကြောင်း၊ NeID စနစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လေ့လာဆန်းစစ်ခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်း၊ မူဝါဒရေးဆွဲခြင်းနှင့် ကော်မတီများဖွဲ့စည်းခြင်း လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကမန်လူမျိုးသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ပါဝင်သော ရခိုင်မျိုးနွယ်စုဖြစ်

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **မြန်မာနိုင်ငံအတွင်းနေထိုင်လျက်ရှိသည့် ကမန်လူမျိုးလူဦးရေစုစုပေါင်းနှင့် မြို့နယ်အလိုက် ကမန်လူဦးရေ မည်မျှရှိသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကမန်လူမျိုးသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ပါဝင်သော ရခိုင်မျိုးနွယ်စုဖြစ်ပါကြောင်း၊ ကမန်လူမျိုးများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်မှုများတွင် ကမန်လူမျိုးမဟုတ်သူများနှင့် မှားယွင်းမပါရှိစေရေး မိဘဘိုးဘွားအထောက်အထားများဖြင့် သေချာစိစစ်၍ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းအချို့၏ မသမာမှုကြောင့်ဖြစ်စေ၊ ကာယကံရှင်များ၏ လိမ်လည်လျှောက်ထားမှုများကြောင့်ဖြစ်စေ ကမန်လူမျိုးမဟုတ်သူများအား ကမန်လူမျိုးအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုများအား စိစစ်တွေ့ရှိရပါက ကတ်ပြားများ ပြန်လည်သိမ်းဆည်း၍ ကာယကံရှင်များအား ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမေးခွန်းတွင် မေးခွန်းပေါင်း ၄၁ ခုပါရှိပြီး မေးခွန်း ၄၀ ပါ အချက်အလက်များကို အဆင့်များခွဲ၍ ထုတ်ပြန်ခဲ့ပါကြောင်း၊ လူမျိုးရေးဆိုင်ရာ အချက်အလက်များသာ ထုတ်ပြန်ရန်ကျန်ရှိပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစာရင်းများမှ တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုငယ်များပါဝင်မှု၊ စာလုံးပေါင်းသတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း စသည့် ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာများရှိသဖြင့် ရရှိလာသော တိုင်းရင်းသားလူမျိုးများစာရင်း ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမျိုးစာရင်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာကိစ္စရပ်များရှိသဖြင့် တိုင်းရင်းသားရေးရာ ကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်၊ တိုင်းရင်းသားလူမျိုးအင်အားများ သတ်မှတ်ပြီး ခွင့်ပြုချက်ရရှိသည့်အချိန်မှသာလျှင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား လူမျိုးများစာရင်းကို ထုတ်ပြန်နိုင်ရေးအတွက် တင်ပြဆောင်ရွက်ဆဲဖြစ်သည့်အတွက် တရားဝင်ထုတ်ပြန်ခြင်းမပြုသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း တင်သွင်းသည့် **နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စာမျက်နှာ ၅ သို့ ❖

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပ

## ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ထပ်မံလိုအပ်မည့် အသက်ကယ်အင်္ကျီများ စီစဉ်ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် ဇွန် ၁၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီးအသုံးပြုရာ ဒေသအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ထပ်မံလိုအပ်မည့် အသက်ကယ်အင်္ကျီ (Life Jacket) များကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ခွဲဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပညာသင်နှစ်ပြီးဆုံးပါက ထုတ်ဝေပေးထားသည့် အသက်ကယ်အင်္ကျီများကို ပြန်လည်အပ်နှံနိုင်ရေး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **မြန်မာနိုင်ငံအဝှမ်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီးအသုံးပြုရာဒေသအတွင်းရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ စသည့် ပညာရေးလုပ်သားတို့အတွက် အသက်ကယ်အင်္ကျီများကို လိုအပ်မှုအဆင့် (က)၊ (ခ)၊ (ဂ) ဦးစားပေးခွဲခြား၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်နှစ်စတွင် ထုတ်ပေးပြီး နှစ်ဆုံးတွင် ပြန်လည်အပ်နှံခြင်း စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အသက်ကယ်အင်္ကျီအသုံးပြုရန် လိုအပ်မည့်နေရာများနှင့် လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ အသက်ကယ်အင်္ကျီ ဆိုဒ်သေး ၁၉၇၈၈ စုံအတွက် ငွေကျပ် ၁၀၈ ဒသမ ၈၃၄ သန်း၊ ဆိုဒ်ကြီး ၁၇၂၁၁ စုံအတွက် ငွေကျပ် ၁၀၃ ဒသမ ၂၆၆ သန်း စုစုပေါင်း အသက်ကယ် အင်္ကျီ ၃၆၉၉၉ စုံအတွက် ငွေကျပ်တန်ဖိုး ၂၁၂ ဒသမ ၁ သန်းကို အသုံးပြု၍ ခွဲဝေဆောင်ရွက်ပေးခဲ့ပါကြောင်း။

### အသက်ကယ်အင်္ကျီ ၄၆၆၈၁ စုံအတွက် ငွေကျပ်တန်ဖိုး ၂၉၁ ဒသမ ၁၄၄ သန်းကို ခွဲဝေချထားပေးပြီးဖြစ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အသက်ကယ်အင်္ကျီများ အသုံးပြုခဲ့သည်မှာ နှစ်နှစ်ရှိပြီဖြစ်သည့်အတွက် ကောင်း၊ သင့်ခွဲ၍ ဆက်လက်အသုံးပြုရမည်ဖြစ်ပါကြောင်း၊ လိုအပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အသက်ကယ်အင်္ကျီ ဆိုဒ်သေး ၂၄၅၆၀ စုံအတွက် ငွေကျပ် ၁၄၇ ဒသမ ၃၅၇ သန်း၊ ဆိုဒ်ကြီး ၂၂၁၂၁ စုံအတွက် ငွေကျပ် ၁၄၃ ဒသမ ၇၈၇ သန်း စုစုပေါင်း အသက်ကယ်အင်္ကျီ ၄၆၆၈၁ စုံအတွက် ငွေကျပ်တန်ဖိုး ၂၉၁ ဒသမ ၁၄၄ သန်းကို ခွဲဝေချထားပေးပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခုဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွန်း၏ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၌ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့် မလုံလောက်ပါသဖြင့် ဖွဲ့စည်းပုံအင်အား ပြည့်သည်အထိ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ဖွဲ့စည်းပုံအပြည့် ခန့်ထားနိုင်ခွင့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၂၇၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ ခန့်ထားခွင့်ပြုနိုင်ပါရန် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပြင်ဆင်ဖွဲ့စည်းခွင့်ကို ကူးပြောင်းကာလ ခြောက်လဖြစ်သော ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စင်တင်ဘာလ ၃၀ ရက်အတွင်း ဆောင်ရွက်၍ ခွင့်ပြုချက်ရရှိပြီးမှသာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လစာခေါင်းစဉ်မှ ဘဏ္ဍာငွေခွင့်ပြုရန်ပုံငွေများ တောင်းခံသုံးစွဲသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုသည့် ဘောင်အတွင်းမှသာ ဝန်ထမ်းများ ခန့်ထားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

### သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တောဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက **မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့လာသော နည်းဥပဒေ ၂၈ တွင် စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်ရာတွင် ဝန်ကြီးဌာနမှ သတ်မှတ်သည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသမှ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်သော်လည်းကောင်း ညီညွတ်ရမည်ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မူလအခြေခံစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ညီညွတ်ရမည့်အပြင် ဝန်ကြီးဌာန၊ အစိုးရ၊ စည်ပင်သာယာရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်လည်း ညီညွတ်ရမည်ဟူ၍ ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုလိုပါကြောင်း။

မူလဥပဒေ ပုဒ်မ ၂၄(ဂ)တွင် စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက် မပိုသော အိမ်ခန်းများကို ဟူ၍လည်းကောင်း၊ နိုင်ငံခြားသားများကို ရောင်းချခွင့်ပြုထားသည့် ပြဋ္ဌာန်းချက်တွင် အိမ်ခန်းများကိုဟူ၍ လည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားပါသော်လည်း နည်းဥပဒေ အပိုဒ် ၃၄ တွင် စုစုပေါင်း ကြမ်းခင်းဧရိယာ၏ ၄၀ ရာခိုင်နှုန်းထက်ပို၍ နိုင်ငံခြားသားများကို ရောင်းခွင့်မရှိဟု ဖော်ပြထားပါကြောင်း၊ မူလဥပဒေပြဋ္ဌာန်းချက်က အိမ်ခန်းဟု ဆိုလို၍ နည်းဥပဒေတွင် ကြမ်းခင်းဧရိယာဟူ၍ ဆိုလိုသည့်အတွက် ၄၀ ရာခိုင်နှုန်းချင်း တူညီသော်လည်း ဥပဒေနှင့်ကိုက်ညီခြင်း မရှိပါကြောင်း၊ လိုအပ်ပါက ဥပဒေကိုသာ ပြင်ဆင်ရန် ရှိပါကြောင်း၊ ထို့ကြောင့် သင့်လျော်သလို ပြင်ဆင်ရန် လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။

နည်းဥပဒေ ပြင်ဆင်ချက် ၄၅ (က)တွင် စုပေါင်းပိုင်အဆောက်အအုံ တည်ဆောက်သည့် စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းပြီးစီး၍ နှစ်နှစ်ကာလအတွင်း တည်ဆောက်ပြီး အိမ်ရာများကို တည်ထောင်သူမှ ထိန်းသိမ်းစောင့်ရှောက်ရမည်၊ နှစ်နှစ်ပြည့်ပြီးသော်လည်း ယာယီအဖွဲ့ မဖွဲ့စည်းနိုင်သေးသည့်ကာလအတွင်း တည်ဆောက်သူကပင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နှစ်နှစ်ကျော်သွားပါက မည်သူထိန်းသိမ်းစောင့်ရှောက်ရမည်ဆိုသည့်အချက် ဥပဒေတွင် မပါဝင်တော့ပါကြောင်း၊ ယာယီအဖွဲ့ မပေါ်မချင်း အဆိုပါအိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု သဘောသက်ရောက်နေသည့်အတွက် ယာယီအဖွဲ့ မပေါ်မချင်း တည်ထောင်သူမှ ထိန်းသိမ်းစောင့်ရှောက်ရမည် ဆိုသည့်သဘောကို ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း။

ထိုသို့ ပြဋ္ဌာန်းပါက တည်ထောင်သူအနေဖြင့် အတိုင်းအဆမရှိ တာဝန်ကြီးလေးနေမည် ဖြစ်ပါကြောင်း၊ မူလနည်းဥပဒေ ၄၆ တွင် အိမ်ခန်းများ၏ နေထိုင်သူ အနည်းဆုံး ၃၀ ရာခိုင်နှုန်းပြည့်ပါက ယာယီထိန်းသိမ်းစောင့်ရှောက်သည့်အဖွဲ့ကို ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် နည်းဥပဒေ ၄၅(က) ပြင်ဆင်ချက်တွင် နေထိုင်သူ ၃၀ ရာခိုင်နှုန်း ပြည့်သည်နှင့် တည်ထောင်သူအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်မရှိစေရ ဆိုသည့် ပြင်ဆင်ချက်မျိုးလည်း ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

❖ စာမျက်နှာ ၄ မှ

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်တွင်းအခွန်ဦးစီးဌာနသည် အခွန်ထမ်းကြီးများရုံး၊ အလယ်အလတ်အခွန်ထမ်းရုံးများကို သီးခြားဖွင့်လှစ်၍ အခွန်ထမ်းများကိုယ်တိုင် တွက်ချက်ကာအခွန်ပေးဆောင်စေသည့် စနစ်ကို ကျင့်သုံးပြီး အခွန်စည်းကြပ်နေသည်ဟု သိရပါကြောင်း၊ ယင်းစနစ်တွင် စာရင်းဇယားများ မှန်ကန်တိကျမှုသာလျှင် အခွန်ဝန်ထမ်းများ၏ အဂတိလိုက်စားမှုကို လျော့ပါးစေပြီး နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သည့် အခွန်များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခွန်ထမ်းကြီးများရုံး၊ အလယ်အလတ်တန်းစား အခွန်ထမ်းရုံးများနှင့် ယင်းလုပ်ငန်းများတွင် ကွန်ပျူတာသုံးသည့် စာရင်းကိုင်စနစ်ကို အသုံးပြုပြီး အမှန်အတိုင်း မှတ်တမ်းတင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပါရန် အဆိုပြုတိုက်တွန်းလိုပါကြောင်း။

အခွန်ထမ်းများကိုလည်း အခွန်ရှောင်ရန်ထက် အခွန်ဆောင်လိုစိတ်များ ပေါ်ပေါက်လာစေရန်အတွက် အခွန်ယဉ်ကျေးမှုနှင့် ရင်းနှီးမှုရှိ၍ အခွန်နှင့်ပတ်သက်သည့် ပညာပေးအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်သကဲ့သို့ အခွန်ထမ်းများ၏ အခွန်ငွေများကို ပြည်သူ့ဘဏ္ဍာထဲသို့ အပြည့်အဝ မရောက်ရှိစေသည့် အကျင့်ပျက်အခွန်ဝန်ထမ်းအချို့ကိုလည်း လက်တွေ့ကျကျ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူသင့်ပါကြောင်း၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း၏ အကျိုးရလဒ်များကလည်း အခွန်ကို အပြည့်အဝရရှိရေး၊ အကျင့်ပျက်ခြစားမှုများကို လျော့ပါးသွားစေနိုင်သည်ဟု ယူဆနိုင်သည့်အတွက်ကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင်၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်နှင့် ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ အခွန်စနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ခေတ်မီသည့် စီမံဆိုင်ရာအခွန်အုပ်ချုပ်မှုစနစ်ကို ကူးပြောင်းသည့်လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ်မှစတင်၍ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ပထမ ငါးနှစ်တာကာလ သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ ၂၀၁၇-၂၀၁၈ မှစတင်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအဆင့် အခွန်ဆိုင်ရာဥပဒေပြောင်းလဲရေးအစီအစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးကိုလည်း ဖြန့်ဝေအသိပေးထားပြီးဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်သူများအကြား နိုင်ငံတော်၏ ဘတ်ဂျက်ခွင့်ပြုမှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်လျက် ရှိပါကြောင်း၊ အဆိုရှင်၏ အဆိုအား ကြိုဆိုပါကြောင်းနှင့် ပြည်ထောင်စုအစိုးရမှလည်း စီမံဆောင်ရွက်နေသည့် အချက်များဖြစ်သောကြောင့် လွှတ်တော်မှ အတည်ပြုဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က လွှတ်တော်မှ အတည်ပြုပေးရန် တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အတိုင်း လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်များ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အင်ဒို-ပစိဖိတ် အုပ်စုဖွဲ့မှု အယူအဆနှင့် မြန်မာနိုင်ငံ

မေနှင်းအေး

တရုတ်နိုင်ငံ၏ မဟာဗျူဟာစီမံကိန်းဖြစ်သော ရေလမ်း၊ ကုန်းလမ်း ပိုးလမ်းမသစ် စီမံကိန်းကို တန်ပြန်သည့်အနေဖြင့် အင်ဒို-ပစိဖိတ်စုဖွဲ့မှုကို ၂၀၀၇ ခုနှစ်တွင် ဂျပန်က စတင်ပြောဆိုလာပြီး အမေရိကန်၏ ထောက်ခံမှုကိုလည်း ရရှိထားပါသည်။ ၂၀၁၈ ခုနှစ် မေလကုန်ပိုင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ အင်ဒိုနီးရှားနိုင်ငံ သုံးရက်ခရီးစဉ်အတွင်း အင်ဒိုနီးရှားသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အင်ဒိုနီးရှားကလည်း ထောက်ခံလာပါသည်။

**ပထမဆုံးပြည်ပစစ်စခန်း**

အင်ဒို-ပစိဖိတ်အယူအဆကို ၂၀၀၇ ခုနှစ် လေးနိုင်ငံလုံခြုံရေးဆွေးနွေးမှုဖိုရမ်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စတင်ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ဒေသတွင်းအင်အားကြီးလာမှု၊ တစ်ကမ္ဘာလုံးကို လွှမ်းခြုံနိုင်သည့် ခါးပတ်လမ်းကြောင်းစီမံကိန်း၊ တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့နှင့်ပတ်သက်၍ တရုတ်၏ဆောင်ရွက်ချက်များ၊ အိန္ဒိယသမုဒ္ဒရာ၌ပါ ပြင်ဆင်မှုများက ဒေသတွင်းအင်အားစုဖွဲ့မှု အသစ်လိုအပ်နေသည်ဟု ခံယူလာကြသဖြင့် ထိုကိစ္စအပေါ် လေ့လာသုံးသပ်မှုများ ရှိပါသည်။ တရုတ်နိုင်ငံသည် ဂျီဘူတီ၌ ပထမဆုံးပြည်ပစစ်စခန်း ဖွင့်ခဲ့ပြီး သီရိလင်္ကာ၊ မော်လ်ဒိုက်နိုင်ငံများနှင့်လည်း စစ်ရေးလုံခြုံရေးဆိုင်ရာ ရင်းနှီးမှု ရှိပါသည်။

**ပူးပေါင်းစစ်ရေးလေ့ကျင့်မှု**

အင်ဒို-ပစိဖိတ်အဖွဲ့အစည်းအဖြစ် ပီပြင်လာခြင်းမရှိသေးသော်လည်း မျှော်မှန်းချက်မှာ ဒေသတွင်းငြိမ်းချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး အချုပ်အခြာအာဏာနှင့် နိုင်ငံတကာဥပဒေလေးစားမှု၊ ရေကြောင်း၊ လေကြောင်း လွတ်လပ်ဘေးကင်းစွာ သွားလာနိုင်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ပွင့်လင်းမျှတသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ အလေးထားရေးတို့ပါဝင်ပါသည်။ အင်ဒိုနီးရှား-အိန္ဒိယ ပူးတွဲကြေညာချက်တွင် အင်ဒို-ပစိဖိတ်ဒေသ၌ အိန္ဒိယရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အမြင်ချင်းတူညီကြသည်ဟု ဖော်ပြထားပါသည်။ ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍခြောက်ခုသတ်မှတ်ထားပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ရေထွက်ပစ္စည်းအရင်းအမြစ်များ ရေရှည်တည်တံ့စေမှု၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေး၊ ပညာရေးသိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ရေကြောင်းခရီး ဘေးရန်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ ဖြစ်ပါသည်။ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့သည် ၂၀၀၂ ခုနှစ်ကပင် ရေကြောင်းကဏ္ဍလုံခြုံရေးနှင့်ရေတပ်ချင်း ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတို့ရှိပါသည်။

**ဒေသတွင်းဖွံ့ဖြိုးရေးဖြစ်စေ**

ဒေသတွင်းအင်အားစုဖွဲ့မှုများတွင် အာဆီယံသည် အောင်မြင်မှုရရှိထားရာ အိန္ဒိယအနေဖြင့် အာဆီယံကိုလည်း အာဆီယံ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးမှ ချဉ်းကပ်လာလိမ့်မည်ဟု ယူဆရပါသည်။ အင်ဒိုနီးရှားသည် အာဆီယံတွင် ကနဦးထူထောင်သူအဖြစ် ဩဇာရှိခြင်း၊ အင်ဒို-ပစိဖိတ် ဒေသ၏ဝင်ပေါက်ဖြစ်နေခြင်းတို့ကြောင့် အင်ဒိုနီးရှားကို ဦးစွာချဉ်းကပ်ခြင်း ဖြစ်ပုံရပါသည်။ အိန္ဒိယဝန်ကြီးချုပ်သည် အင်ဒိုနီးရှားခရီးစဉ်အပြီးတွင် မလေးရှားနိုင်ငံသို့ သွားရောက်ပြီး ဝန်ကြီးချုပ်သစ် မဟာသီယာကို တွေ့ဆုံကာ လက်ရှိ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သော စင်ကာပူနိုင်ငံသို့ ဆက်လက်သွားရောက်ပြီး စင်ကာပူတွင် ကျင်းပမည့် လုံခြုံရေးအစည်းအဝေး ရှန်ဂရီလာဆွေးနွေးပွဲ တက်ရောက်ပါသည်။ ရှန်ဂရီလာဒိုင်ယာလော့ဂ်တွင် အိန္ဒိယဝန်ကြီးချုပ်က အင်ဒို-ပစိဖိတ်ဒေသအကြောင်း ဦးစားပေးပြောကြားခဲ့ပြီး ပင်လယ်လမ်းကြောင်း လွတ်လပ်စွာ ပွင့်လင်းခြင်းက ဒေသတွင်းဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဟု ဆိုပါသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးကလည်း လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မဟာဗျူဟာသည် ရေကြောင်းအပေါ် အာရုံစိုက်လျက် ကာကွယ်ပေးရန်၊ မဟာမိတ်များ၊ မိတ်ဖက်များ ကွန်ရက်ထူထောင်ထားရန်၊ ဥပဒေစိုးမိုးရေး၊ အရပ်ဘက်အဖွဲ့အစည်းများ ရှင်သန်ရေး၊ ပွင့်လင်းမြင်သာသော အစိုးရများ ပေါ်ထွန်းရေးတို့ အားပေးရန်၊ ပုဂ္ဂလိကဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်တို့အပေါ် အခြေခံမည်ဟု ဆိုပါသည်။

**ထိပ်တန်းအရေးပါသောဒေသ**

ထို့အပြင် မေလ ၂၉ ရက်နေ့က အမေရိကန်ကာကွယ်ရေးဝန်ကြီးက ယခင် ပစိဖိတ်စစ်ဒေသကို အင်ဒို-ပစိဖိတ်စစ်ဒေသအဖြစ် အမည်ပြောင်းလဲလိုက်ကြောင်းပြောကြားခဲ့ရာ အမေရိကန်၏ အင်ဒို-ပစိဖိတ်ဒေသကို ထောက်ခံအားပေးမှုဖြစ်ပါသည်။ အိန္ဒိယသည် အာရှရှိ သက်တမ်းရှည်သော ဒီမိုကရေစီနိုင်ငံဖြစ်ခြင်း၊ ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ခြင်း၊ ကာကွယ်ရေးဘတ်ဂျက် ပဥ္စမမြောက်အများဆုံးသုံးစွဲသောနိုင်ငံဖြစ်ပြီး စစ်သားအရေအတွက်အရ တတိယအကြီးဆုံးတပ်မတော်ရှိခြင်း၊ လူဦးရေအရ ထိပ်တန်းနိုင်ငံဖြစ်ခြင်းတို့ကြောင့် တရုတ်၏အင်အားကြီးထွားလာမှုကို ထိန်းညှိရန်အတွက် အကောင်းဆုံးမိတ်ဖက်အဖြစ် အမေရိကန်က သတ်မှတ်ထားပါသည်။ ၂၀၁၇ ခုနှစ်က အမေရိကန်အိမ်ဖြူတော်မှ ထုတ်ဝေသော အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင်လည်း အင်ဒို-ပစိဖိတ်ဒေသကို ထိပ်တန်းအရေးပါသော ဒေသအဖြစ် သတ်မှတ်ထားပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလက ဗီယက်နမ်တွင် ကျင်းပသည့် အေပက်ထိပ်သီးအစည်းအဝေး၌လည်း အမေရိကန်သမ္မတ ထရန့်က အင်ဒို-ပစိဖိတ်ဒေသအရေးကြီးပုံကို အထူးပြုပြောကြားခဲ့ပါသည်။ တရုတ်၏အင်အားကြီးမားလာမှုကို စိုးရိမ်ကြသည့်တိုင် အနောက်နိုင်ငံများသည် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံရာ၌ တရုတ်ကို ဦးစားပေးရွေးချယ်ခဲ့ကြခြင်းကို အမေရိကန်သုံးသပ်သူများက သတိပြုမိကြပြီး အိန္ဒိယအတွက် ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေး အားပေးသွားမည့် အစီအစဉ်များလည်းရှိပါသည်။ မကြာသေးမီက ကျင်းပသည့် ပစိဖိတ်သမုဒ္ဒရာကမ်းခြေနိုင်ငံများ စစ်ရေးလေ့ကျင့်မှုတွင် တရုတ်နိုင်ငံအား ဖိတ်ကြားချက်ကို ပြန်လည်ပယ်ဖျက်ပြီး ပါဝင်ခွင့်မပြုခြင်းသည်လည်း တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်တွင်း စစ်ရေးကြိုးပမ်းလာမှုကြောင့်ဟု အမေရိကန်ဘက်က ဆိုပါသည်။

**ပစ်ပယ်၍မရနိုင်**

သို့သော်လည်း အမေရိကန်သည် ပစိဖိတ်ဖြတ်ကျော်မဟာမိတ် စီးပွားရေးသဘောတူညီချက်မှ ထရန့် အာဏာရလာချိန်တွင် နုတ်ထွက်လိုက်ခြင်းမှာ အင်ဒို-ပစိဖိတ် မဟာဗျူဟာနှင့် ဆန့်ကျင်နေပါသည်။ ထို့ကြောင့် အမေရိကန် ပြန်လည်ပါဝင်လိမ့်မည်ဟုလည်း တွက်ဆလျက်ရှိပါသည်။ ထို့ပြင် အိန္ဒိယနိုင်ငံအား အေပက်တွင်အဖွဲ့ဝင်အဖြစ် လက်ခံရန်လည်း စဉ်းစားကြလိမ့်မည်ဟု တွက်ဆနိုင်ပါသည်။ ယခင် အမေရိကန်သမ္မတ အိုဘားမားလက်ထက်က အာရှသို့ ပြန်လည်အာရုံစိုက်လာမှုကို ပြစ်တင်ဝေဖန်လျက် လက်ရှိသမ္မတ ထရန့်သည် ပုံစံပြောင်းလိုသော်လည်း တရုတ်နှင့်ပတ်သက်နေသမျှ အာရှ-ပစိဖိတ်ဒေသကို ပစ်ပယ်၍မရနိုင်သဖြင့် အင်ဒို-ပစိဖိတ်ကို စုဖွဲ့လာခြင်းဖြစ်သည်ဟုလည်း ယူဆနိုင်ပါသည်။

**မြန်မာနိုင်ငံ ပါဝင်ရန်**

အိန္ဒိယသည် အာဖရိကနိုင်ငံများနှင့်ပူးပေါင်း၍ အိန္ဒိယသမုဒ္ဒရာကမ်းခြေတစ်လျှောက် နိုင်ငံများအဖွဲ့အစည်းကိုလည်း ၁၉၉၇ ခုနှစ်ကပင် ထူထောင်ကာ ပင်လယ်ပြင်လုံခြုံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ငါးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပညာရေးပူးပေါင်းဖလှယ်မှု၊ သဘာဝဘေးစီမံခန့်ခွဲရေး၊ အမျိုးသမီးထုအင်အားမြှင့်တင်ရေး၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေသည့် ပင်လယ်နှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းတို့ကို ဦးစားပေးဆောင်ရွက်ပါသည်။ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဂျပန်တို့ကလည်း ထိုအဖွဲ့အစည်း၏ ဆွေးနွေးဖက် နိုင်ငံများ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုအဖွဲ့အစည်းသို့ ပါဝင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ခိုင်မာသော အုပ်စုဖွဲ့မှု**

သို့ဖြစ်ရာ အင်ဒို-ပစိဖိတ်စုဖွဲ့မှုသည် အမေရိကန်၊ ဂျပန်၊ အိန္ဒိယတို့ ဦးဆောင်ကာ ဒေသဆိုင်ရာစုဖွဲ့မှုအသစ်ဖြစ်ပြီး မဟာဗျူဟာအရအရေးပါသော၊ ကြီးမားသောနယ်ပယ်ဒေသဖြစ်သည့်တိုင် တရုတ်၏ တစ်ဇုန်တစ်လမ်းကဲ့သို့ စီမံကိန်းအတွက် ထောက်ခံပံ့ပိုးမည့် ရန်ပုံငွေ မထူထောင်ရသေးပါ။ အမေရိကန်က နိုင်ငံရေးအရ ပံ့ပိုးနေသည့်တိုင် စီးပွားရေးအရ မည်သည့် အတိုင်းအတာအထိ ဆောင်ရွက်နိုင်မည်ဆိုခြင်းမှာ မရေရာလှပါ။ လက်ရှိ အမေရိကန်သမ္မတ၏ မူဝါဒအပြောင်းအလဲများသည် လျင်မြန်လွန်းပြီး ကြိုတင်မှန်းဆရန် ခက်ခဲသဖြင့် ဒေသတွင်းနိုင်ငံများက မည်မျှယုံကြည်စိတ်ချ အားကိုးနိုင်မည်ဆိုသည်မှာလည်း အခက်အခဲဖြစ်ပါသည်။ တရုတ်စီမံကိန်းများ၏ အားနည်းချက်ကို မီးမောင်းထိုးပြသည့်အနေဖြင့် အင်ဒို-ပစိဖိတ်ဒေသဖွံ့ဖြိုးမှု ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျား-မတန်းတူရှိရေး၊ နိုင်ငံတကာစံနှုန်းများကို လေးစားရေးတို့ ဖော်ပြထားပါသည်။ တရုတ်မပါသော စုဖွဲ့မှုအသစ်တွင် မည်သည့်နိုင်ငံများ ပါဝင်မည်ဆိုခြင်းမှာ မရေရာသေးသည့်အပြင် စုဖွဲ့မှုအသစ်အနေဖြင့် တည်ရှိပြီးသော အာဆီယံနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ ဆာအတ်၊ ဘင်းမ်စတက်၊ အေပက်တို့နှင့်လည်း ချိတ်ဆက်သွားရမည်ဖြစ်ပြီး တရုတ်နိုင်ငံကိုလည်း လုံးဝရှောင်ကြဉ်ထား၍ ရမည်မဟုတ်ပါ။ အာဆီယံနှင့် အေပက်သည် ဒေသတွင်း ခိုင်မာသော အုပ်စုဖွဲ့မှုများဖြစ်ရာ အင်ဒို-ပစိဖိတ် စုဖွဲ့မှုသည် တရုတ်ကို ဖယ်ထား၍ အိန္ဒိယကို အလေးပေးလိုက်ခြင်းဖြစ်ပါသည်။

ဂျပန်နှင့် အမေရိကန်တို့က အိန္ဒိယ၏အခန်းကဏ္ဍကို မြှင့်တင်ပေးလာသည့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် မဟာဗျူဟာကို တရုတ်ပညာရှင်များက တရုတ်ကို ထိန်းချုပ်မှုဝါဒအဖြစ် ရှုမြင်ပါသည်။ အိန္ဒိယအနေဖြင့် ပိုမို၍ တရုတ်ကို ယှဉ်ပြိုင်လာသည့် သဘောဆောင်ပြီး မဟာဗျူဟာအရ ပိတ်မိကာ မိမိကိုယ်မိမိပျက်စီးစေနိုင်ကြောင်း တရုတ်ဘက်က ဝေဖန်ပါသည်။

**ဆင်ခြင်ဉာဏ်ဖြင့် ထိန်းသိမ်း**

ထို့ပြင် အင်ဒို-ပစိဖိတ်တွင် အိန္ဒိယ၏အရေးပါမှုကို ပိုမိုကြီးထွားစေလျက် တရုတ်နှင့် အင်အားထိန်းညှိရန် ကြိုးပမ်းသည့်တိုင် အိန္ဒိယသည် တရုတ်ကို ထိပ်တိုက်ရင်ဆိုင်မည့်အစား ပူးပေါင်းဆောင်ရွက်နိုင်သမျှ ဆောင်ရွက်မည့် အနေအထားကိုလည်း ၂၀၁၈ ခုနှစ် ဧပြီလ ၂၈ ရက်နေ့က တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပခဲ့သည့် တရုတ်-အိန္ဒိယ အလွတ်သဘောထိပ်သီးအစည်းအဝေးတွင် တွေ့ရပါသည်။ တရုတ်-အိန္ဒိယ-ဘူတန် နယ်စပ်မှ ဒေါက်တလန်ဒေသအရေးနှင့်ပတ်သက်၍ ယမန်နှစ်က စစ်တပ်နှစ်ခု ၇၂ ရက်ကြာ ထိပ်တိုက်ရင်ဆိုင်၍ စစ်ပွဲဖြစ်လုနီးပါး တင်းမာမှုမြင့်မားပြီးနောက် နှစ်နိုင်ငံအကြီးအကဲများ ပြန်လည်တွေ့ဆုံနိုင်ခြင်းသည် နှစ်နိုင်ငံအကြား မတူညီသော အကျိုးစီးပွားများကို ဆင်ခြင်ဉာဏ်ဖြင့် ထိန်းသိမ်းနိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ရန် ဖြစ်ပါသည်။

**မဟာမိတ်တို့က ထောက်ခံ**

ဒေသတွင်း တရုတ်၏အင်အားကြီးလာမှုကို ထိန်းညှိရန်၊ နိုင်ငံငယ်များအနေဖြင့် တရုတ်အပေါ် မှီခိုနေရမှုကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချရန် ကြိုးပမ်းမှုတွင် အိန္ဒိယကိုအားဖြည့်ပေးသည့် မဟာဗျူဟာတစ်ရပ်မှာ အင်ဒို-ပစိဖိတ် ထူထောင်ရေးအယူအဆ ဖြစ်ပါသည်။ ထိုအယူအဆ၏ နောက်ကွယ်တွင် တရုတ်နိုင်ငံအင်အားကြီးထွားမှုကို စိုးရိမ်သောအမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျ မဟာမိတ်တို့က ထောက်ခံနေပါသည်။

ထိုနိုင်ငံများအားလုံးသည် အာဆီယံ၌သာမက မြန်မာနိုင်ငံတွင်ပါ အရေးပါသော ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများဖြစ်ရာ တရုတ်နိုင်ငံ၏ မဟာဗျူဟာစီမံကိန်းများတွင် ပါဝင်သည့်နည်းတူ အင်ဒို-ပစိဖိတ်စုဖွဲ့မှုတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဘက်ညီစွာပါဝင်ထားနိုင်မည်ဆိုပါက ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာ အနေအထားဖြင့် ဒေသတွင်း တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့်အပြင် မြန်မာနိုင်ငံအတွက်လည်း အကျိုးရှိစေနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

> **အိန္ဒိယသည် အာဖရိကနိုင်ငံများနှင့်ပူးပေါင်း၍ အိန္ဒိယသမုဒ္ဒရာကမ်းခြေတစ်လျှောက် နိုင်ငံများအဖွဲ့အစည်းကိုလည်း ၁၉၉၇ ခုနှစ်ကပင် ထူထောင်ကာ ပင်လယ်ပြင်လုံခြုံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ငါးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပညာရေးပူးပေါင်းဖလှယ်မှု၊ သဘာဝဘေးစီမံခန့်ခွဲရေး၊ အမျိုးသမီးထု အင်အားမြှင့်တင်ရေး၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေသည့် ပင်လယ်နှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းတို့ကို ဦးစားပေးဆောင်ရွက်ပါသည်။**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဖက်ဒရယ်နိုင်ငံများဖိုရမ်၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဖက်ဒရယ်နိုင်ငံများဖိုရမ်၏ ဒုတိယဥက္ကဋ္ဌ Mr. Felix Knuepling ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Forum of Federations အနေဖြင့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များတွင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရေးစနစ် ထူထောင်ရေးဆိုင်ရာ အကူအညီပေးလျက်ရှိသည့် လုပ်ငန်းများ နှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ် နိုင်ငံ အကောင်အထည်ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ပူဇော်မည်



**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"** ကို တည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| - ဦးသောင်းဝင်း | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ဖုန်း ၀၉- ၄၂၀၇၀၁၄၆၃ ၀၆၇၃- ၄၀၆၂၇၆ |
| - ဦးမောင်မောင်မျိုး | ညွှန်ကြားရေးမှူး နေပြည်တော်တိုင်း သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၁၉၁ ၀၆၇၃-၅၅၀၁၈၃ |
| - ဦးကြင်ခိုင် | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ကမ္ဘာအေး ဘုရားဝင်း၊ ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃ ၀၉- ၅၁၈၃၄၇၁ ၀၁-၆၆၁၂၇၅ |
| - ဦးကျော်စိန်ဝင်း | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ၆၂ လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉-၂၀၀၀၁၀၀ ၀၉-၄၃၁၂၅၃၇၃ ၀၂-၆၁၁၁၃ |

**(ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ်အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာ ဝန်ကြီး အထက်လွှတ်တော်အမတ် The Hon. Concetta Fierravanti- Wells အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာမသုံးဆောင်မီ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မြန်မာအမျိုးသမီးအသင်း ထိုင်းခရီးစဉ် ဒုတိယပွဲအဖြစ် ချောင်ဘူရီအမျိုးသမီးအသင်းနှင့် ယနေ့ကစားမည်

**ရန်ကုန် ဇွန် ၁၃**

ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ အမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇွန် ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်း အမျိုးသမီးကလပ် ချောင်ဘူရီအသင်းနှင့် ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမ ခြေစမ်းပွဲအဖြစ် ဇွန် ၁၂ ရက်က ထိုင်းလက်ရွေးစင်အသင်း နှင့် ခြေစမ်းကစားရာ တစ်ဂိုးစီ သရေကျခဲ့ပြီး ဂျူလိုင်ကျော် က ချေပဂိုးသွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ တစ်ပတ်ကြာလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ထိုင်း လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအမျိုးသမီးအသင်းနှင့် ခြေစမ်းမည့် ချောင်ဘူရီအမျိုးသမီးအသင်းသည် ထိုင်း လက်ရွေးစင်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး ကင်ဂျာနာ၊ ဒန်ဒါ၊ နီပါဝမ်၊ ဆီလာဝမ် စသည့် ကစားသမားများ ပါဝင်ကစားလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး ဇွန် ၁၄ ရက်တွင် ထိုင်း ကလပ် ချောင်ဘူရီအမျိုးသမီးအသင်း၊ ဇွန် ၁၆ ရက်တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများ"ဆိုသည့် စကားရပ်ကို "လွှတ်တော်များ၏ အကြီးအမှူးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ)ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ည)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည)**ပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ အစိုးရက ခန့်အပ်ထားသည်ဖြစ်စေ၊ မခန့်အပ်ထားသည်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်-

(၁)နိုင်ငံ့ဝန်ထမ်း၊
(၂)နိုင်ငံရေး ရာထူးတွင် ခန့်အပ်ခံရသူများ၊
(၃)နိုင်ငံရေး ရာထူးတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်းခံရသူများ၊
(၄) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့်တရားရုံးများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်း မဟုတ်သောသူများ၊
(၅) ရွေးကောက်တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ရွေးချယ်တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ရှိသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းက ဖွဲ့စည်းပေးသော အဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ကိုယ်စား လွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူများ၊
(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှတ်ယူရမည်ဟု သတ်မှတ်ခြင်းခံရသူများ၊
(၇) တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးချုပ်နှောင်ရန် အခွင့်အာဏာရှိသူများ၊
(၈) လွှတ်တော် သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ အဖွဲ့ဝင်လူကြီးကို ရွေးချယ်ရန် အလို့ငှာ ရွေးကောက်ပွဲစာရင်းကို ရေးသားပြုစုရန်ဖြစ်စေ၊ ထုတ်ပြန်ကြေညာရန် ဖြစ်စေ၊ ပြင်ဆင်ရန် ဖြစ်စေ အခွင့်အာဏာအရ ရာထူးလက်ရှိဖြစ်သူများ၊
(၉) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရုံးများတွင် လုပ်ငန်းသဘာဝအရ သီးခြားခန့်အပ်တာဝန်ပေးထားသူများ။"

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၄ ၏ နောက်တွင် ပုဒ်မ ၇၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇၄-က။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြည်သူ့ဝန်ထမ်းများ၏ ခံစားခွင့်များကို သတ်မှတ်နိုင်သည်။ ယင်းသို့သတ်မှတ်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---



## ဂျပန်တွင် ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

### ဂျပန်ဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး၊ ဂျိုက်ကာဥက္ကဋ္ဌတို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့ ဂျပန်ခရီးစဉ် တတိယမြောက်နေ့တွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro Aso ဦးဆောင်သည့် အဖွဲ့နှင့်လည်းကောင်း **(ဓာတ်ပုံ)**၊ ဂျပန်နိုင်ငံတကာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ President Mr. Shinichi Kitaoka နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ နယ်ပယ်အသီးသီးတွင် ယခင်ထက်ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်သူအချင်းချင်း ဆက်သွယ်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ ရခိုင်ဒေသအရေးကိစ္စရပ်များနှင့် ယင်းတို့နှင့် ပတ်သက်၍ လတ်တလောဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးသစ်ကို ရန်ကုန်မြို့ Vantage Tower ၌ ဖွင့်လှစ်



**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်း Vantage Tower ရှိ အဆိုပါသံရုံးသစ်နေရာ၌ ကျင်းပသည်။

ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၅၂ ခုနှစ်မှ စတင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးကို ရန်ကုန်မြို့ ကမ်းနားလမ်း၌ ဖွင့်လှစ်ခဲ့သည်။ ဩစတြေးလျသံရုံးတွင် ဩစတြေးလျ ကုန်သွယ်ရေးဌာန အပါအဝင် Home Affairs ၊ Australian Federal Police ၊ Defence တို့ရှိကြသည်။ ဝန်ထမ်းအင်အား များပြားလာ၍ ပိုမိုကျယ်ပြန့်သောနေရာ လိုအပ်လာသည့်အတွက် Vantage Tower ၌ ပြောင်းရွှေ့ခဲ့ပြီး တစ်နှစ်ခန့်အကြာတွင် ယခုကဲ့သို့ တရားဝင်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ်တို့သည် သံရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် သံရုံးပြောင်းရွှေ့ရာတွင် ကူညီပေးခဲ့သည့် Corporate Team ကို ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ်က အမှတ်တရ လက်ဆောင်ပေးအပ်ပြီး သံရုံးကိုဖွင့်လှစ်ပေးသည်။

ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ်သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ခြင်းဖြစ်သည်။ ၎င်း၏ ခရီးစဉ်အတွင်း ဩစတြေးလျ၏ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို အလေးပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပိုမိုနားလည်အောင်ကြိုးစားသွားကာ အဆိုပါ စိန်ခေါ်မှုများကို ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်အဖြေရှာနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | |
|---|---|---|
| အမ်း | - | ၆ ဒသမ ၃၄ လက်မ |
| စစ်တွေ | - | ၅ ဒသမ ၉၄ လက်မ |
| ပလက်ဝ | - | ၅ ဒသမ ၃၁ လက်မ |
| မတူပီ | - | ၅ ဒသမ ၁၆ လက်မ |
| ကျောက်ဖြူ | - | ၅ လက်မ |
| ကမမောင်း | - | ၄ ဒသမ ၆၅ လက်မ |
| မာန်အောင် | - | ၄ ဒသမ ၃၃ လက်မ |
| တောင်ကုတ် | - | ၄ ဒသမ ၂၉ လက်မ |
| ကတိုင်တိ | - | ၃ ဒသမ ၇၄ လက်မ |
| ဖာပွန် | - | ၃ ဒသမ ၄၂ လက်မ |
| ကျောက်တော် | - | ၃ ဒသမ ၃၉ လက်မ |
| မိုးကုတ် | - | ၃ ဒသမ ၂၇ လက်မ |
| မြောက်ဦး | - | ၃ ဒသမ ၀၇ လက်မ |

# မုတ်သုံလေ အားကောင်းတဲ့အတွက် ကမ်းရိုးတန်းဒေသတွေ မိုးရွာမယ် ကုန်းတွင်းပိုင်းမှာဆို ချင်းတို့၊ စစ်ကိုင်းအထက်တို့၊ ကချင်တို့မှာ မိုးရွာမယ်


မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိရာ ရာသီဥတုဖြစ်စဉ်နှင့် စပ်လျဉ်းပြီး မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ ဆရာရှင့် ဒီရက်ပိုင်းအတွင်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး မိုးလေဝသ အခြေအနေကို သုံးသပ်ပေးပါ။**

ဖြေ။ ။ အခုရက်ပိုင်း ဘင်္ဂလားပင်လယ်အော်မှာ ထူးခြားတာက မုတ်သုံလေက အားအလွန်ကောင်းတယ်။ အားလုံးခြုံပြောရင် ကောင်းတယ်ပေါ့။ အဲဒီအထဲမှာ အလွန်ကောင်းတာက ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းရယ်၊ အရှေ့တောင်ပိုင်းရယ် သုံးနေရာပေါ့။ မြန်မာပြည်အနေနဲ့ ပြောရရင် မွန်၊ တနင်္သာရီ၊ မုတ္တမကွေ့၊ ဧရာဝတီကမ်းရိုးတန်းတစ်လျှောက်မှာ မုတ်သုံက အားကောင်းနေတယ်။ မုန်တိုင်းတွေ ဘာတွေလည်းမရှိဘူး၊ လေထု မငြိမ်မသက် ဖြစ်တာလည်း တဖြည်းဖြည်းလျော့လာတယ်။ ဟိုတစ်လောကဖြစ်တာလည်း ဘင်္ဂလားဒေ့ရှ်ထဲ ဝင်သွားပြီ။ နောက်ပိုင်းကျတော့ ဒီလေဖိအားနည်းရပ်ဝန်းတို့၊ မုန်တိုင်းတို့က နောက်တစ်ခါဖြစ်ရင် အိန္ဒိယဖြစ်သွားပြီ။ ပထမ မြန်မာမှာဖြစ်တယ်။ နောက်ဘင်္ဂလားဒေ့ရှ်မှာ ဖြစ်တယ်။ နောက်တစ်ခေါက်ဖြစ်ရင် အိန္ဒိယပေါ့။

**မေး။ ။ အိန္ဒိယမှာ မုန်တိုင်းဖြစ်ရင် မြန်မာပြည်မှာရော ရိုက်ခတ်ဖို့ရှိသလားဆိုတာ သိပါရစေ။**

ဖြေ။ ။ အိန္ဒိယဆိုတော့ မုန်တိုင်းအန္တရာယ်တော့ စိုးရိမ်စရာမရှိဘူး။ ဒါပေမယ့် အိန္ဒိယရဲ့အရှေ့မြောက် ဘင်္ဂလားပင်လယ်အော်ရဲ့ အနောက်မြောက်ကမ်းရိုးတန်းမှာ များသောအားဖြင့် ဖြစ်လေ့ရှိတယ်။ ဖြစ်လိုက်ရင် မုန်တိုင်းရဲ့ တိုက်ရိုက်ထိခိုက်မှုကတော့ မြန်မာပြည်ပေါ်မှာ မရှိနိုင်ပေမယ့် အဲဒီလေဖိအားနည်းရပ်ဝန်းပဲဖြစ်ဖြစ်၊ မုန်တိုင်းငယ်ပဲဖြစ်ဖြစ် ဖြစ်လာခဲ့မယ်ဆိုရင်တော့ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံက အားပြန်ကောင်းမှာ တစ်ချက်ရှိတယ်။

နောက်တစ်ချက်က အရှေ့ဘက်က တောင်တရုတ်ပင်လယ်ပြင်ရှိတယ်။ ဒီအချိန်အခါမှာ ကြည့်ရတာက အရှေ့ရော၊ အနောက်ရော မျှကြည့်ရမှာ။ အရှေ့ဘက်မှာ တောင်တရုတ်ပင်လယ်မှာက မုန်တိုင်းတွေကလည်း တန်းစီဖြစ်နေတယ်၊ သူတို့ရဲ့ ဦးတည်ရာဘက်ကတော့ အမှန်မရှိဘူးပေါ့၊ ဟိုတစ်လောကတော့ အရှေ့မြောက်ဘက် ပြန်ကွေ့တယ်၊ နောက်ပိုင်းတော့ အနောက်ဘက်လာရင် မြန်မာပြည်ဘက်မှာ မိုးပြန်လိုက်လာမှာပေါ့။

**မေး။ ။ မိုးလေဝသနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ထူးခြားမှုရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ ထူးခြားတာကတော့ မြန်မာပြည်အရှေ့ပိုင်းမှာ မိုးနည်းနေတယ်။ မိုးက အနောက်ဘက်မှာပဲများတယ်။ အရှေ့ဘက်က ကယားတို့၊ ရှမ်းတို့၊ ကရင်မြောက်ပိုင်းတို့၊ ပဲခူးအရှေ့မြောက်တို့ အဲဒီဘက်မှာတော့ အများအားဖြင့် မိုးနည်းပါတယ်။ မန္တလေးတောင်ပိုင်းလည်း မိုးနည်းပါတယ်။ လောလောဆယ် အဲဒါပဲ။

**မေး။ ။ အခုရက်ပိုင်းအတွင်း ဒေသတချို့မှာ မိုးသည်းထန်စွာရွာသွန်းနေတဲ့အတွက် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေကိုလည်း ခန့်မှန်းပေးပါ။**

ဖြေ။ ။ မိုးရွာဖို့အလားအလာကို ပထမဆုံး နောက်လာမယ့်ရက်တွေမှာ ဖြစ်နိုင်တာကို ပြန်ပြီးတွက်ကြည့်တဲ့အခါမှာ မုတ်သုံဟာ လာမယ့် ဒီတစ်ပတ်မှာ ဆက်လက်ပြီး အားကောင်းမယ်။ အားကောင်းပြီးတော့ ကမ်းရိုးတန်းဒေသတွေမှာ ပိုပြီးတော့ အားကောင်းမယ်။ မုတ်သုံမိုးတွေ ရွာလိမ့်မယ်။ မုတ်သုံမိုး ကောင်းမယ့်ဒေသတွေက အများအားဖြင့် ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး တောင်ပိုင်း၊ မွန်၊ ကရင်၊ တနင်္သာရီကမ်းရိုးတန်း အကုန်လုံးပါတယ်။ အတွင်းပိုင်းကျတော့ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးပါမယ်။အထူးသဖြင့် မကွေးတိုင်းဒေသကြီးပေါ့၊ မကွေးတိုင်းဒေသကြီးရဲ့ အနောက်မြောက်ဘက်မှာ လောလောဆယ် မိုးကောင်းမယ်။ လာမယ့်တစ်ပတ်မှာ မကွေးတိုင်းဒေသကြီးက နည်းနည်းတော့ လျော့ဖို့ရှိပါတယ်။

မိုးကောင်းဖို့က မကွေးကိုချန်လိုက်ပြီးရင် ဘာကျန်မလဲဆိုတော့ စောစောက ကမ်းရိုးတန်းအပြင် ချင်းပြည်နယ်ပါမယ်၊ စစ်ကိုင်းအထက်ရယ်၊ ကချင်ရယ်၊ တစ်နည်းပြောရရင် မြန်မာပြည်နယ်နိမိတ် တစ်လျှောက်ပေါ့။ အဲဒီဒေသတွေအားလုံးဟာ လာမယ့် သုံးရက်ကစပြီး ခုနစ်ရက်အတွင်း မိုးများမယ်လို့ ပြောနိုင်တယ်။

မိုးများမယ်လို့ပြောနိုင်တော့ ပြဿနာတွေက သူ့နေရာနဲ့သူ ရှိမှာပေါ့၊ ဥပမာ ရခိုင်မှာ မိုးများတဲ့အတွက်ကြောင့် ရခိုင်မြောက်ပိုင်းရော၊ တောင်ပိုင်းရော လောလောဆယ်မှာ ရေဖုံးနေတယ်။ ခဏခဏ ရေဖုံးတတ်တယ်လေ။ သံတွဲတို့ဘာတို့က အခုလည်း ရေတွေမြုပ်နေတယ်။ စစ်တွေဘက်မှာဆိုရင်လည်း ရေမြုပ်တဲ့နေရာတွေရှိတယ်။ အောက်ဘက်ဆင်းလာရင်တော့ ရေအများကြီးမြုပ်နေတာ သုံးပွင့်ဆိုင်နေရာ ဘယ်နေရာလဲဆိုတော့ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရယ်၊ ပဲခူးတိုင်းဒေသကြီးရယ်၊ ဒီတိုင်းသုံးတိုင်းဆုံတဲ့ အဲဒီဧရိယာမှာ ရေက အများဆုံးဖြစ်မယ်၊ အများဆုံးကတော့ တောင်ကျရေပဲ၊ ကျန်တဲ့နေရာလည်း ရေက နည်းနည်းဖုံးမယ်။ ရေဖုံးတာ နည်းနည်းများမှာက ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းဆို ပင်လယ်ဘက်အခြမ်းမှာလည်း ရေဖုံးတာ နည်းနည်းများတယ်။ မွန်မှာလည်း နည်းနည်းများတယ်။ နောက်တနင်္သာရီမှာလည်း နည်းနည်းများတယ်။ အဲဒါတွေက လောလောဆယ် ရေဖုံးတဲ့ ဧရိယာတွေပါပဲ။

ချင်းပြည်နယ်က ဘင်္ဂလားဒေ့ရှ်နဲ့ ချင်းပြည်နယ် နယ်စပ်မှာ မြေပြိုနိုင်တယ်။ မြေပြိုမှု အလားအလာရှိနေတာ သတိထားရမှာက ရခိုင်မြောက်ပိုင်း၊ ရခိုင်တောင်ပိုင်း၊ မကွေးတိုင်းဒေသကြီးအလယ်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးမြောက်ပိုင်း အဲဒီနေရာမှာ မြေပြိုမှု အလားအလာရှိနေတယ်လို့ မှန်းထားတယ်။

**မေး။ ။ ဒီတစ်ပတ်ထဲမှာ မုန်းတိုင်းဖြစ်ဖို့ အလားအလာရှိပါသလားဆရာ။**

ဖြေ။ ။ ဒီတစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့ အလားအလာက လောလောဆယ်ကြည့်တော့ မရှိသေးဘူး။ ဖြစ်တော့ဖြစ်မှာပေါ့၊ လေဖိအားနည်းရပ်ဝန်းလောက်တော့ ဖြစ်မှာပေါ့။ စောစောက ပြောသလိုပဲ ဒီတစ်ခါဖြစ်ရင်တော့ အိန္ဒိယဘက်သွားဖို့များတယ်။ မုန်တိုင်းအန္တရာယ်တော့ မစိုးရိမ်ပါနဲ့ပေါ့။ ဒါပေမယ့် လေဖိအားနည်းရပ်ဝန်းဖြစ်တဲ့အတွက်ကြောင့် မုတ်သုံလေ အားကောင်းတယ်၊ အားကောင်းတဲ့အတွက် ကမ်းရိုးတန်းဒေသတွေ မိုးရွာမယ်။ ကုန်းတွင်းပိုင်းမှာဆို ချင်းတို့၊ စစ်ကိုင်းအထက်တို့၊ ကချင်တို့မှာ မိုးရွာမယ်။ စစ်ကိုင်းအထက်၊ ကချင်တို့မှာ မိုးရွာတဲ့အတွက် နောက်ထပ်တိုးလာနိုင်တဲ့ ပြဿနာက ဘာတွေလဲဆိုတော့ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်ဟာ ရေတက်လာမယ်။ ဒီတစ်ပတ်အတွင်းမှာ ကမ်းရိုးတန်းမှာရှိတဲ့ အထက်ပိုင်းမြို့တွေပါ အခုရက်ပိုင်းမှာ ရေအန္တရာယ် သတိထားဖို့လိုတယ်။ စိုးရိမ်မှတ်ကိုရောက်ဖို့ အလားအလာ များတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။ **တွေ့ဆုံမေးမြန်း-သီသီမင်း**

**ဓာတ်ပုံ-မအိ**

# မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးကြုံသူ လေးထောင့်ငါးရာကျော်အား ကူညီ၊ သေဆုံးသူငါးဦးထိရှိ

**မကွေး ဇွန် ၁၃**

ဇွန် ၁၃ ရက်ထိ စာရင်းများအရ ရေကြီးမှုအန္တရာယ်မှ ဘေးကင်းလုံခြုံသည့်နေရာများသို့ ရွှေ့ပြောင်းထားသူ ၄၂၃၅ ဦးနှင့် ရေမျောရေနစ်၊ သစ်ပင်ပိ ပျက်စီးမှုကြုံ အိမ်ထောင်စုများမှ လူဦးရေ ၃၅၈ ဦး စုစုပေါင်း လူဦးရေ ၄၅၉၃ ဦးအား ကူညီထောက်ပံ့မှုများ ဆောင်ရွက်ထားလျက်ရှိပြီး ရေမျောခြင်းနှင့် ဓာတ်လိုက်ခြင်းတို့ကြောင့် သေဆုံးသူ ငါးဦးထိရှိနေကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

တိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ် ရွာသွန်းခဲ့ရာမှ နေထိုင်ရာအိမ်များအတွင်း ရေဝင်လာခြင်းကြောင့် မင်းဘူးမြို့နယ်မှ ၉၇၆ ဦး၊ စလင်းမြို့နယ်မှ ၂၆၁ ဦး၊ ကံမမြို့နယ်မှ ၁၃၅၃ ဦး၊ ငဖဲမြို့နယ်မှ ၁၃၉ ဦး၊ သရက်မြို့နယ်မှ ၁၉၅ ဦး၊ မင်းတုန်းမြို့နယ်မှ ၆၉ ဦး၊ ပခုက္ကူမြို့နယ်မှ ၂၄၂ ဦး စုစုပေါင်း ၄၂၃၅ ဦးအား ရေလွတ်ရာဘေးကင်းလုံခြုံသည့် နေရာများသို့ ရွှေ့ပြောင်းထားခဲ့ရသည်။

"ရေကြီးမှုအရ ဆက်ပြီးတော့ ရွှေ့ပြောင်းဖို့တွေ ရှိပါတယ်၊ စာရင်းတွေ ကောက်ယူနေပါတယ်၊ ကယ်ဆယ်ရေးစခန်းတွေကိုတော့ ဘုန်းကြီးကျောင်းတွေ၊ ဓမ္မာရုံတွေမှာ ဖွင့်ထားပါတယ်၊ တချို့ကလည်း တခြားမိသားစုတွေနဲ့ပေါင်းပြီး နေတာတွေရှိတယ်၊ လတ်တလော စားဝတ်နေရေးအဆင်ပြေဖို့အတွက် ဌာနအနေနဲ့ ဆန်ဖိုး ခုနစ်ရက်စာ ထောက်ပံ့ပေးထားပြီးဖြစ်ပါတယ်၊ ရေဝင်ရွှေ့ပြောင်းတဲ့ မိသားစုတွေကို တစ်ဦး ငွေကျပ် ၂၀၀၀ နှုန်းနဲ့ ငွေကျပ် ၈၈၉၃၅၀၀ ဖိုး ထောက်ပံ့ပေးခဲ့တာပါ" ဟု မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောသည်။



ရေမျောရေနစ်ခြင်းနှင့် သစ်ပင်ပိပျက်စီးမှုကြုံ အိမ်ထောင်စုများလည်း ရှိနေပြီး မင်းဘူးမြို့တွင် အိမ်ထောင်စု ရှစ်စု လူဦးရေ ၂၆ ဦး၊ စလင်းမြို့နယ်တွင် အိမ်ထောင်စု ခုနစ်စု လူဦးရေ ၂၇ ဦး၊ ငဖဲမြို့နယ်တွင် အိမ်ထောင်စု ၁၀ စု လူဦးရေ ၇၄ ဦး၊ သရက်မြို့နယ်တွင် အိမ်ထောင်စု ရှစ်စု လူဦးရေ ၃၀၊ မင်းတုန်းမြို့နယ်တွင် အိမ်ထောင်စု တစ်စု လူဦးရေ လေးဦး၊ ပွင့်ဖြူမြို့နယ်တွင် အိမ်ထောင်စု ခုနစ်စု လူဦးရေ ၄၃ ဦး၊ ရေနံချောင်းမြို့နယ်တွင် အိမ်ထောင်စု တစ်စု လူဦးရေ နှစ်ဦး၊ ပခုက္ကူမြို့နယ်တွင် အိမ်ထောင်စု ၃၀ လူဦးရေ ၁၅၂ ဦး စုစုပေါင်း အိမ်ထောင်စု ၆၃ စု လူဦးရေ ၃၅၈ ဦး ဖြစ်ကြောင်း၊ တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းဖိုး တစ်သိန်းကျပ်၊ ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးများ၊ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၇၅၄၅၄၀၀ ထောက်ပံ့ပေးပြီးဖြစ်ကြောင်း ညွှန်ကြားရေးမှူးထံမှ သိရသည်။

"ရေကြီးမှုဖြစ်စဉ်မှာ ချောင်းရေကို ဖြတ်ကူးလိုက်တဲ့အတွက် ရေမျောပြီး သေတဲ့ဖြစ်စဉ်တွေလည်း ရှိပါတယ်၊ ဓာတ်လိုက်ပြီး သေတာလည်းရှိပါတယ်၊ မင်းဘူးမြို့နယ်မှာ တစ်ဦးက ရေထဲပြုတ်ကျပြီးသေတယ်၊ စလင်းမြို့နယ်မှာလည်း တစ်ဦး ရေမျောပြီး သေသွားပါတယ်၊ မင်းတုန်းမြို့နယ်မှာလည်း တစ်ဦး ဓာတ်လိုက်ပြီး သေတာရှိပါတယ်၊ ပွင့်ဖြူမြို့နယ်မှာ ရေမျောပြီး တစ်ဦး သေသွားပါတယ်၊ မင်းလှမြို့နယ်မှာလည်း ရေမျောပြီး တစ်ဦး သေဆုံးပါတယ်၊ ချောက်မြို့မှာတော့ ဆိုင်ကယ်ပေါ် သစ်ပင်ပိလို့ သုံးဦး ဒဏ်ရာရသွားပါတယ်၊ သေဆုံး ငါးဦး၊ ဒဏ်ရာရ သုံးဦး ရှိနေပါတယ်၊ သဘာဝဘေးကြောင့် လူတစ်ဦးသေရင် ငွေကျပ်သုံးသိန်းနှုန်း ဌာနကထောက်ပံ့ပေးပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောသည်။

ရေဝင်ရောက်မှုကြောင့် ကံမမြို့နယ်ရှိ လူဦးရေ ၁၃၅၃ ဦး၊ အိမ်ထောင်စု ၆၈၁ စု ရွှေ့ပြောင်းခဲ့ရပြီး မကွေးတိုင်းဒေသကြီးတွင် ရေဝင်ရောက်မှုအများဆုံး နေရာဒေသဖြစ်ကြောင်း၊ ယင်းဒေသသို့ ဇွန် ၁၃ ရက်တွင် နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေနှင့်အဖွဲ့က လိုအပ်သည်များ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေး မလုပ်နိုင်သည့်နေရာမရှိဘဲ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ ပေါင်းစပ်ပြီး အကူအညီများလုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မတ် ၁ ရက်မှ ဇွန် ၁၃ ရက်ထိ မီးဘေး ၅၃ ကြိမ်၊ ရေဘေး ၄၇ ကြိမ်၊ လေဘေး ၇၃ ကြိမ်၊ ကမ်းပြိုဘေး အကြိမ် ၁၃၀၊ အခြား ၁၇ ကြိမ် စုစုပေါင်း ဘေးအန္တရာယ် အကြိမ် ၃၂၀ ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၂၂၉၂ စု၊ လူဦးရေ ၉၃၁၀၀ အတွက် ကျပ်သိန်းပေါင်း ၅၆၃၅ သိန်း ထောက်ပံ့ပြီးဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေကျပ် ၇၂၇၅၃၉၈၇၊ ဆန်နှင့်အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၇၉၃၀၇၂၀၀၊ သေဆုံး၊ ဒဏ်ရာရ ထောက်ပံ့မှု ငွေကျပ် ၁၁၅၀၀၀၀၀ စသည့် ထောက်ပံ့မှုကဏ္ဍ သုံးခုအတွက် တန်ဖိုးငွေကျပ် ၅၆၃၅၆၁၁၈၇ ထောက်ပံ့မှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

☆ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတွင် တာဝန်ထမ်းဆောင်နေသော ဌာနပေါင်းစုံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ တင်ပြသော လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

လှေစီးဒုက္ခသည်များအား စားသောက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူ ထောက်ပံ့လျက်ရှိပြီး လုံခြုံရေးအတွက် နယ်ခြားစောင့် ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ထွက်ဆိုထားသူများအား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ သံတမန်နည်းလမ်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူများအား သေချာစွာ စိစစ်၍ ၎င်းတို့ ဆန္ဒအတိုင်း UEHRD အစီအစဉ်ဖြင့် ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှု အကူအညီများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (Red Cross Movement) တို့ ပူးပေါင်း၍ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ အဖွဲ့များစေလွှတ်၍ စိတ်၊ လူမှုထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆေးပေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# လှေစီးဒုက္ခသည်များအား ငါးခူရပြန်လည်လက်ခံရေးစခန်းတွင် ဥပဒေနှင့်အညီ စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မောင်တော ဇွန် ၁၃**

မောင်တောမြို့တွင် ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး စခန်းတွင် ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားသော လှေစီးဒုက္ခသည်များကို တွေ့ဆုံ၍ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး စခန်းရှိ ကြီးကြပ်ရေးအဖွဲ့များနှင့် လုပ်ငန်းများ အဆင်ပြေစေရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့(Red Cross Movement)တို့ ပူးပေါင်း၍ လှေစီးဒုက္ခသည်များအား တစ်ကိုယ်ရေသုံးပစ္စည်း ၁၁ မျိုးနှင့် ဒန်အိုး၊ ဒန်ခွက်များ၊ ဖျာ၊ စောင်၊ ခြင်ထောင်၊ ကျား၊ မ ဝတ် လုံချည်နှင့် ကလေးဝတ်အင်္ကျီများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်ခြောက်သိန်းအား စခန်းတာဝန်ခံထံ ထောက်ပံ့ပေးအပ်၍ အားပေးစကားပြောကြားခဲ့ပြီး ညနေပိုင်းတွင် မောင်တောမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝ ပင်လယ်ကမ်းစပ်၌ တွေ့ရှိရသော လှေစီးဒုက္ခသည်အချို့နှင့် တွေ့ဆုံမေးမြန်းခြင်း

**ဇွန် ၁၁ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝ သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ ပျက်စီးနေသော စက်လှေတစ်စင်းနှင့် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄ ဦးတို့အား စိစစ်တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများက ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိစစ်မှုများ ပြုလုပ်ခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခဲ့သည်။ အဆိုပါ လှေစီးဒုက္ခသည်များမှအချို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**


ရှာဒရာဘီဘီ


မာမောက်ရှော်ဖိတ်


မီဇာနူရော်မော်မန်


မိုဟာမက် ဇေလောက်အူဒိန်


ဒီရှာ

**ရှာဒရာဘီဘီ(မောင်တောမြို့နယ်)**

ဘင်္ဂလားဒေ့ရှ်ဘက်မှာ အမေ့ရဲ့ ညီမ အဒေါ်နဲ့ အမျိုးတွေရှိပါတယ်။ ဒါကြောင့် ဘင်္ဂလားဒေ့ရှ်ကို သွားတာပါ။ သူများတွေက မလေးရှား သွားချင်ကြတယ်။ အဒေါ်က ကျန်းမာရေးမကောင်းဘူး။ အဲဒါကြောင့် အမျိုးတွေရော အဒေါ်တွေပါရှိတဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားတာပါ။ သွားပြီး ပြန်လာတာပါ။ ဒီဘက်မှာက ကျွန်မအမေနဲ့ အဖေလည်း ရှိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံကို ပြန်လာတာဖြစ်ပါတယ်။

**မာမောက်ရှော်ဖိတ်**
**(ဘော်ဒေါ်ဆော့ရားရွာ ကော့ဘဇားမြို့နယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ)**

ကျွန်တော်က မလေးရှားနိုင်ငံကို သွားမလို့ပါ။ မလေးရှားနိုင်ငံမှာ ကြုံရာအလုပ်လုပ်ဖို့ ရည်ရွယ်တာပါ။ အဲဒီမှာ အလုပ်သွားလုပ်တဲ့သူ အများကြီးရှိပါတယ်။ သူတို့လို အလုပ်သွားလုပ်ချင်လို့ ပွဲစားနဲ့ ဆက်သွယ်ခဲ့တာပါ။ လူတော်တော်များများကို အဲဒီပွဲစားက မလေးရှားဘက်မှာ အလုပ်ရမယ်၊ အဆင်ပြေမယ်ဆိုပြီး စည်းရုံးပါတယ်။ မလေးရှားဘက်ကို သွားပြီး အလုပ်လုပ်ဖို့ ပိုက်ဆံပေးရပါတယ်။ မလေးရှားအရောက် အပြီးအစီး တာကာငွေ တစ်သိန်းရှစ်သောင်း ပေးရပါတယ်။ ပွဲစားက ပထမဆုံး လှေနဲ့သွားမယ်၊ ပြီးမှ သင်္ဘောပေါ်တက်ပြီး မလေးရှားကို သွားမယ်ပြောပါတယ်။ အဲဒီလိုသွားဖို့ လုပ်ရင်း ဒီကို ရောက်လာတာပါ။ တော်တော်ဒုက္ခရောက်ခဲ့ပါတယ်။

အခု မြန်မာနိုင်ငံရောက်တော့ တော်တော်လေး အဆင်ပြေပါတယ်။ မလေးရှားကို သွားချင်တယ်။ ပြီးတော့ မလေးရှားငွေတန်ဖိုးက မြင့်တယ်။ ဒါကြောင့် မလေးရှားဘက်မှာ တစ်နေ့အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံက ဘင်္ဂလားဒေ့ရှ်မှာ အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံထက် ပိုများတယ်။ အဲဒါကြောင့် အဲဒီမှာပဲ အလုပ်လုပ်ချင်တာပါ။ မှောင်ခိုလမ်းနဲ့တော့ မသွားချင်တော့ဘူး။ အစိုးရ ကူညီထောက်ပံ့မှုနဲ့ပဲ သွားချင်ပါတယ်။

ကျွန်တော်တို့ ဒုက္ခရောက်ပြီး မြန်မာနိုင်ငံကို ရောက်လာတဲ့အချိန်မှာ မြန်မာနိုင်ငံ အစိုးရဘက်က ထောက်ပံ့ပေးတယ်။ ကူညီပေးတယ်။ စောင့်ရှောက်ပေးပါတယ်။ အဲဒီအတွက် အင်မတန် ကျေးဇူးတင်ပါတယ်။

**မီဇာနူရော်မော်မန်**
**(နေယာဖာရောကျေးရွာ တက်နက်မြို့နယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ)**

မလေးရှားနိုင်ငံကို သွားတာပါ။ မလေးရှားနိုင်ငံမှာ အလုပ်လုပ်ရင် ပိုက်ဆံ အများကြီးရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အလုပ်လုပ်ရတာ ပင်ပန်းပါတယ်။ ကျွန်တော့် မိဘတွေက အသက်ကြီးပါပြီ။ ကျွန်တော်က မိဘတွေကို လုပ်ကိုင်ကျွေးမွေးချင်ပါတယ်။ မလေးရှားက ပိုက်ဆံပိုရပြီး အလုပ်လုပ်ရတာလည်း ဘင်္ဂလားဒေ့ရှ်မှာလောက် မပင်ပန်းဘူးလို့ ပြောကြပါတယ်။ ကျွန်တော်က ဘင်္ဂလားဒေ့ရှ်က ဘောလုံးသမားတစ်ယောက်ပါ။

ကျွန်တော်က သွားချင်တော့ ပွဲစားနဲ့ ချိတ်ဆက်ပါတယ်။ ပွဲစားကို တာကာငွေ တစ်သိန်းရှစ်သောင်း ပေးရပါတယ်။ ဒီလိုနဲ့ စက်လှေနဲ့ သွားတော့ မုန်တိုင်းမိပါတယ်။ စက်လှေပျက်ပြီးတော့ မြန်မာနိုင်ငံကို ရောက်လာတာပါ။ မြန်မာအစိုးရက ကောင်းကောင်းမွန်မွန်နဲ့ ကူညီထောက်ပံ့ စောင့်ရှောက်ပေးထားပါတယ်။ အဆင်ပြေရင်တော့ ဘင်္ဂလားဒေ့ရှ်ကို ပြန်ချင်ပါတယ်။

**မိုဟာမက် ဇေလောက်အူဒိန်**
**(ဆော်ဖောရ်ရောန်ဒီးကျေးရွာ ကော့ဘဇားမြို့နယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ)**

မလေးရှားနိုင်ငံကို သွားရင် ပင်ပန်းမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်ဘက်မှာ တစ်နေကုန် အလုပ်လုပ်လည်း ရတဲ့ပိုက်ဆံက မိသားစုအတွက် မလောက်ငပါဘူး။ ဒါကြောင့် စွန့်စားပြီး သွားတာပါ။ သွားရင်းနဲ့ ဒုက္ခရောက်ပြီး မြန်မာနိုင်ငံကို ရောက်လာတာပါ။ ဒီကိုရောက်လာတော့ မြန်မာအစိုးရက ကူညီထောက်ပံ့ပေးပါတယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနဲ့ အညီ ဒီစခန်းမှာနေဖို့လည်း ပြောပါတယ်။ ကျွန်တော်တို့ နားလည်ပါတယ်။ အဲဒီလိုလည်း နေထိုင်မှာပါ။ မြန်မာအစိုးရရဲ့ အကူအညီနဲ့ ကိုယ့်နိုင်ငံ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုပဲ ပြန်သွားချင်ပါတယ်။

**ဒီရှာ**
**(မြို့မ ကညင်တန်းကျေးရွာ မောင်တောမြို့နယ်)**

ကျန်းမာရေး မကောင်းလို့ ဘင်္ဂလားဒေ့ရှ်ဘက်ကို ဆေးကုဖို့ သွားခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်က နေ ဆေးကုပြီး ပြန်လာတယ်၊ ဘင်္ဂလားဒေ့ရှ်ကနေ ဒီဘက်ကို လာဖို့ အတွက် လောင်းလှေစီးခ တာကာငွေ ငါးထောင်ပေးရပါတယ်။ ပြီးတော့ လောင်းလှေပေါ်မှာ လူတွေက များတယ်။ လှေထဲကို ရေတွေဝင်တော့ ကြောက်ပြီး ငိုကြတယ်။ ဒီလိုနဲ့ မလေးရှားသွားမယ့် စက်လှေနဲ့ တွေ့တယ်။ ဒါကြောင့် စက်လှေပေါ် တက်ကြတယ်၊ စက်လှေပေါ် တက်ပေမယ့် မလေးရှားသွားမယ့် စက်လှေမှန်း မသိဘူး။ စက်လှေပေါ် ရောက်ပြီး နောက်နေ့မနက်ကျတော့ စက်လှေက ပျက်သွားပြီး သုံးရက်လောက် မျောနေပါတယ်။ နောက် မြန်မာနိုင်ငံဘက် ရောက်လာတာဖြစ်ပါတယ်။

**သတင်းအဖွဲ့**

# သထုံမြို့နယ် ကတိုက်ကြီးကျေးရွာအနီး သဘာဝဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှု ဖြစ်ပွား



**သထုံ ဇွန် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့နှင့် လေးမိုင်ခန့်အကွာ ကတိုက်ကြီးကျေးရွာ ကွက်သစ်ပိုင်းနှင့် ကိုက် ၂၀၀ ခန့်အကွာ စားကျက်မြေအတွင်းရှိ လယ်ကွက်အတွင်း၌ ဇွန် ၁၃ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က မုတ္တမကမ်းလွန်မှ ရန်ကုန်မြို့အထိ သွယ်တန်းထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ယိုစိမ့်၍ ပေါက်ကွဲမှုဖြစ်ပြီး အမြင့်ပေ ၃၀ ခန့်လေထဲသို့ ပန်းထွက်နေကြောင်း သိရသည်။

"အသံက ဝုန်းခနဲပဲ၊ တစ်ရွာလုံးကကြားကြတယ်၊ လယ်ကွင်းထဲမှာ ရေပြည့်နေလို့ တော်သေးတယ်၊ လူအန္တရာယ်မရှိဘူး၊ မနှစ်ကလည်း ဒီရွာနားမှာ တစ်ခါဖြစ်သေးတယ်၊ အခုဆိုရင် ဘယ်အချိန်ပြင်ပြီးမှာလဲ မပြောတတ်ဘူး၊ ရွာသားတွေကတော့ ကြောက်နေကြတယ်"ဟု ကတိုက်ကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းကြည်က ပြောသည်။ "ဖူးကြီးပိုက်လိုင်းစခန်းကို ဆက်သွယ်ထားပါတယ်၊ ကျန်တဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကိုလည်း အကြောင်းကြားပြီးပါပြီ၊ ဒီပိုက်လိုင်းကို တည်ဆောက်တာ ၂၀၀၉ ခုနှစ်လောက်က ထင်တယ်၊ ပိုက်အချင်းက လက်မ ၂၀ ရှိပါတယ်၊ ရေအောက်ထဲမှာ မြုပ်နေတဲ့အတွက် ဘာဖြစ်မှန်း မသိရပါဘူး၊ ပြင်ဆင်ချိန် ဘယ်လောက်ကြာမယ်ဆိုတာ မသိသေးပါဘူး"ဟု ပိုက်လိုင်းတာဝန်ခံ ဦးသန်းနိုင်စိုးက ဆိုသည်။

အဆိုပါနေရာသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးအောင်မျိုးစိုးနှင့် တပ်မတော်သားများ၊ ကတိုက်ကြီးကျေးရွာ ရဲကင်းမှူး ရဲအုပ်ကျော်နန္ဒအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၄-၆-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ NRC အစီအစဉ် "မွန်ရိုးရာကောက်စိုက်ထမင်းဝိုင်းပြင်ဆင်ပုံ"
၈း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၆၀)
၈း၄၅ သူတို့ဒေသ၊ သူတို့ဘဝ "မြစ်သားမြို့သို့ အလည်တစ်ခေါက်"
၉း၁၀ "မျှော်လင့်ခြင်းရောင်ခြည်" (စိုးမိုးဦး)
၉း၃၀ လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၀ ASEAN Spotlight(31)
၁၀း၀၀ "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများစကားဝိုင်း" (မွန်ပြည်နယ်၊မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ)
၁၁း၁၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊မြနှင်းရည်လွင်၊ ခင်သဇင်၊နေယံ၊ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၁၃း၁၀ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၁)(နေပြည်တော်) (ဒုတိယပိုင်း)
၁၄း၃၅ "မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍အသိပညာပေး စကားဝိုင်း"(အပိုင်း-၁)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၁)

**ညပိုင်း**

၁၆း၃၅ "ငွေခေတ်သူရဲကောင်းများ" (အပိုင်း-၁)
၁၇း၀၅ NHK အစီအစဉ် "အကြမ်းတွက်ချက်ခြင်း"
၁၇း၂၅ "သဘာဝနှင့်ကိုက်ညီအောင်နေထိုင်ခြင်း"
၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊မြနှင်းရည်လွင်၊ ခင်သဇင်၊နေယံ၊ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၀ "၂၀၁၈ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
၂၁း၀၀ "၂၀၁၈ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (Russia Vs Saudi Arabia) -အစီအစဉ်ပြီး၏။

# ပဲခူးမြို့နှင့် ဘုရားကြီးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ပဲခူး ဇွန် ၁၃**

ပဲခူးမြို့တွင် စိတ်ကြွမူးယစ်ဆေးဝါးများ သုံးစွဲရောင်းချနေကြောင်း သတင်းအရ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မင်း၏ညွှန်ကြားချက်အရ ပဲခူးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ တာဝန်ခံအရာရှိ ရဲအုပ်ကျော်သူနှင့်အဖွဲ့သည် အမှတ်(၃)နယ်မြေရဲစခန်းမှ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ထွန်းလင်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရန်ကုန်-မန္တလေးကားလမ်းမဘေး ကြယ်ပံ့စက်သုံးဆီ အရောင်းဆိုင်အနီး ရပ်တန့်ထားသော 5C/---ဟွန်ဒိုင်း အမျိုးအစားယာဉ်အား သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ယာဉ်မောင်းငပြည့်(ခ) ပြည့်ဖြိုးမင်း (၃၀)နှစ် ဥဿာမြို့သစ် ပဲခူးမြို့နေသူအား တွေ့ရှိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ငွေစက္ကူများ သိမ်းဆည်းရမိခဲ့သည်။ ပဲခူးမြို့အမှတ်(၃)နယ်မြေရဲစခန်းတွင် စိတ်ကြွဆေးပြား လက်ဝယ်တွေ့ရှိသူ ငပြည့်(ခ) ပြည့်ဖြိုးမင်းအား မူးယစ်ဆေးဝါးဥပဒေဖြင့် အရေးယူထားပြီး ရဲအုပ်ကျော်သူက ဆက်လက်စစ်ဆေးရာ ဘုရားကြီးမြို့ဘုရားလမ်း 'မေဘရဏီ' စတိုးဆိုင်ရှေ့တွင် ရောက်ရှိနေသော အောင်သက်ပိုင် (၃၁)နှစ် ဇေယျာခင်ဦး(၁)လမ်း မင်းကြီးညို(၂၂) ရပ်ကွက် တောင်ငူမြို့နေသူနှင့်မခြူးအိဖြိုး (၂၀)နှစ် ဒနော်ကျေးရွာအုပ်စု အညာစုကျေးရွာ ပန်းတနော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူတို့အား တွေ့ရှိခဲ့ရပြီး အောင်သက်ပိုင် လွယ်ထားသည့် အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၅၂၀၊ ဆက်စပ်ပစ္စည်းများနှင့် ငွေစက္ကူများ သိမ်းဆည်းရမိခဲ့သည်။

**ဇော်ရှင်း**



# ရွှေဘိုမြို့တွင် ဆိုင်ကယ်ခိုးယူသူအား GPS အကူအညီဖြင့် ချက်ချင်းဖမ်းမိ

**ရွှေဘို ၁၃ ဇွန်**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် GPS တပ်ထားသော ဆိုင်ကယ်ခိုးယူသူအား အခင်းဖြစ်ပွားပြီး တစ်နာရီအချိန်အတွင်း GPS အကူအညီဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ် နေယုမောင်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ယနေ့နံနက် ၃ နာရီခွဲက ရွှေဘိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်နေယုမောင် တာဝန်ထမ်းဆောင်နေစဉ် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် တပ်မြို့တောင်ရပ်နေ ဆိုင်ကယ်ပိုင်ရှင် ဦးနန္ဒနှင့်အဖွဲ့ ရောက်ရှိလာပြီး ၎င်း၏ နေအိမ်မှ ထိုင်းနိုင်ငံထုတ် ကလစ်အမျိုးအစား (အဖြူ နီညိုရောင်) ဆိုင်ကယ်တစ်စီး အခိုးခံရကြောင်း၊ ၎င်းဆိုင်ကယ်တွင် GPS စနစ်တပ်ထား၍ ဖွင့်ကြည့်ရာ ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာအရှေ့ဘက်တွင် ရောက်ရှိနေကြောင်းပြသ၍ သတင်းပေးတိုင်ကြားခဲ့သည်။

ဒုစခန်းမှူး ရဲအုပ်နေယုမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဆိုင်ကယ်ပိုင်ရှင် ဦးနန္ဒနှင့်အဖွဲ့တို့ လိုက်လံဖမ်းဆီးရာ မင်းကျောင်းကျေးရွာအရှေ့ဘက် ရွှေဘို-ကျောက်မြောင်း ကားလမ်းမဘေးမြောက်ဘက်ဇရပ်တွင် အမည်မသိ လူငယ်တစ်ဦးနှင့် ဆိုင်ကယ်တစ်စီးနှင့် ဖုန်းတစ်လုံးတို့ကို တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းလူငယ်မှာ လင်းထက်အောင်(ခ) မင်းထက်အောင်(၁၇)နှစ် နတ်တောင်ရွာဟောင်းကျေးရွာ စဉ့်ကူးမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ၎င်းမှ ဆိုင်ကယ်နှင့် ဖုန်းကို ရွှေဘိုအကျဉ်းဦးစီးဌာန မြောက်ဘက် စက်မှုဇုန်လမ်းခွဲအနီးမှ ခိုးယူလာခဲ့ကြောင်း သိရှိရသဖြင့် ဆိုင်ကယ်နှင့် ဖုန်းအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လင်းထက်အောင်(ခ) မင်းထက်အောင်အား ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# YBS 95 ယာဉ်မောင်းအား YBS 76 ယာဉ်မောင်းပါခြောက်ဦးက ယာဉ်ပေါ်တက် ထိုးကြိတ်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့မရဲစခန်းတွင် ယာဉ်ပေါ်တက်ထိုးကြိတ်သူ YBS 76 ယာဉ်လိုင်းမှ ယာဉ်မောင်းပါခြောက်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၇ ရက် ည ၉ နာရီခွဲခန့်တွင် YBS 95 ယာဉ်လိုင်းမှ ယာဉ်မောင်း ထွန်းထွန်းနိုင် မောင်းနှင်သော ယာဉ်အမှတ် 9N----ယာဉ်သည် ဂိတ်မှူး နိုင်လင်းပါ ခရီးသည်များ တင်ဆောင်၍ လမ်းကြောင်းအတိုင်း တာမွေမြို့နယ်မှ ကျောက်တန်းမြို့သို့ ထွက်ခွာလာပြီး တာမွေဗလီမှတ်တိုင်မှစ၍ YBS 76 ယာဉ်လိုင်းနှင့် လမ်းကြောင်းတူမောင်းနှင်လာရာ သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်းကျေးရွာ သန်လျင်၊ ကျောက်တန်းလမ်းဆက်သွယ်ရေးဂိတ်ဝမှတ်တိုင်အရောက်တွင် YBS 76 ယာဉ်လိုင်းမှ ယာဉ်အမှတ် 5L-------ယာဉ်သည် YBS 95 ယာဉ်အားကျော်တက်၍ ကန့်လန့်ပိတ်ရပ်ကာ YBS 76 မှ ယာဉ်မောင်းအပါ အမျိုးသားခြောက်ဦးက ယာဉ်ပေါ်သို့ တက်လာပြီး "မင်းတို့ကားတွေ ဒီအချိန်အထိ ဆွဲတုန်းလား"ဟုပြော၍ ယာဉ်မောင်း ထွန်းထွန်းနိုင်အား ဝိုင်းဝန်းထိုးကြိတ်ကြရာ ထွန်းထွန်းနိုင်တွင် ဦးခေါင်းနာကျင် ဒဏ်ရာ၊ ဝဲမျက်လုံးဖူးရောင်ဒဏ်ရာ၊ အောက်နှုတ်ခမ်း ပေါက်ပြဲဒဏ်ရာ၊ လည်ပင်းနာကျင်ဒဏ်ရာများရရှိသဖြင့် သန်လျင်ဆေးရုံတွင် အတွင်းလူနာ( မစိုးရိမ်ရ )ဖြင့် တင်ပို့ကုသခဲ့သည်။

သို့ဖြစ်ပါ၍ YBS 76 ယာဉ်လိုင်းမှ ယာဉ်အမှတ် 5L--ယာဉ်မောင်းအပါ အမျိုးသားခြောက်ဦးအား အမြန်ဆုံး ဖမ်းမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ ဈေးဆိုင်ခန်းခြောက်ခန်းနှင့် နေအိမ်တစ်လုံး မီးလောင်

**နမ္မတီး ဇွန် ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ ဇွန်၁၂ ရက် ည ၁၀ နာရီ မိနစ် ၅၀ က နေအိမ်ခြံဝင်းအတွင်း ငှားရမ်းဖွင့်လှစ်ထားသည့် ဆိုင်ခန်းအတွင်းမှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်တစ်လုံးနှင့် ဆိုင်ခန်းခြောက်ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ္မတီးမြို့ မြို့မရပ်ကွက် ဈေးလမ်းရှိ ဦးကစ္စနားဗဟာဒူး(ခ) ကံချား၏ နေအိမ်ခြံဝင်းအတွင်း ငှားရမ်းဖွင့်လှစ်ထားသည့် ဈေးဆိုင်ခန်းခြောက်ခန်းအတွင်း တပ်ဆင်အသုံးပြုထားသော လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းရာမှ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ ပတ်လည်ရှိ အခန်းခြောက်ခန်းပါရှိသည့် အဆောက်အအုံတစ်လုံး၊ အလျား ၂၇ ပေ၊အနံ ၂၇ ပေရှိ သွပ်မိုး၊ပျဉ်ခင်း နှစ်ထပ်အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ နမ္မတီးနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ် ဦးစီးမှူး ဦးမြကြည် ဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင်ငါးဦး၊အရန်တပ်ဖွဲ့ဝင် ၂၀၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မိုးကောင်းမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးချမ်းငြိမ်းသူ ဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ငြိမ်းသတ်မှုကြောင့် ည ၁၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်ကြောင့် ဦးကစ္စနားဗဟာဒူး(ခ)ကံချားအား နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



# ပြုံယမ်းအား ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ပယ်ဖျက်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တရုတ်တိုက်တွန်း



**ပေကျင်း ဇွန် ၁၃**

ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရေးတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က သဘောတူညီခဲ့သည့်အတွက် ကုလသမဂ္ဂအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ဖြေလျှော့ပေးသင့်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မီဒီယာများသို့ ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခြင်းသည် အဓိကပစ်မှတ်မဟုတ်ကြောင်းနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးပွဲများဖြင့်သာ အဖြေရှာစေလိုကြောင်း ဇွန် ၁၂ ရက်တွင် ပေကျင်းမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်းရှောင်က မီဒီယာသို့ ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင်း ရေရှည်ငြိမ်းချမ်းရေးရရှိစေရေးအတွက် တရုတ်နိုင်ငံသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်းရှောင်က ဆိုသည်။ ကိုရီးယားစစ်ပွဲ စစ်ပြေငြိမ်းရေးသဘောတူညီမှုရရှိရေးတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း ရေရှည်ငြိမ်းချမ်းရေး ရရှိစေရန် အပြည့်အဝတာဝန်ရှိကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်းရှောင်က ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စင်ကာပူနိုင်ငံ၌ ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် တရုတ်နိုင်ငံသို့ အပြန်လှည့်ဝင်မလားဆိုသည့်မေးခွန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျန်းရှောင်က ပြန်လည်ဖြေဆိုရန် ငြင်းပယ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ယူကရိန်းအရှေ့ပိုင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမရ

**ကိယက်ဗ် ဇွန် ၁၃**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ယူကရိန်း၊ ရုရှား၊ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း ယူကရိန်းနိုင်ငံ အရှေ့ပိုင်းပဋိပက္ခဇုန်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်ရန် ယူကရိန်းနှင့်ရုရှားတို့ သဘောတူညီမှုမရရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယူကရိန်းနိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင်လာစေရေးအတွက် အသစ်တစ်ဖန်ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယူကရိန်းနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများသည် ဂျာမနီနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဇွန် ၁၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယူကရိန်းပဋိပက္ခသည် လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့ပြီး ယခုထက်တိုင်အောင် ရုရှားလိုလားသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့များအကြား နေ့စဉ်လိုလို တိုက်ခိုက်နေကြရသည့် စစ်ရေးပဋိပက္ခဖြစ်သည်။

ရုရှားနိုင်ငံက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနေချိန် ကာလအတွင်း ယူကရိန်းနိုင်ငံက စစ်ရေးအရ ရန်စလှုံ့ဆော်မှု တစ်ရပ်ရပ်ပြုလုပ်လာပါက ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှုများနှင့် တွေ့ကြုံရနိုင်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ဇွန် ၇ ရက်တွင် သတိပေးခဲ့သည်။

**အေအက်ဖ်ပီ**

## ဘင်္ဂလားဒေ့ရှ်တွင် ဘရာဇီးနှင့် အာဂျင်တီးနားဘောလုံးအသင်း ပြိုင်ဘက် ပရိသတ်များအကြား တိုက်ခိုက်မှုဖြစ်ပွား

**ဒါကာ ဇွန် ၁၃**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဘောလုံးဝါသနာအိုးများကို စိတ်လှုပ်ရှားမှု မြင့်တက်စေကြောင်း၊ ဘရာဇီးနှင့် အာဂျင်တီးနားဘောလုံးအသင်းများကို အားပေးကြမည့်ပရိသတ်များအကြား ပြိုင်ဆိုင်မှုများ အရှိန်အဟုန်ရရှိလာမှုအဖြစ် လမ်းမများပေါ်တွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြသဖြင့် အဆိုပါနှစ်နိုင်ငံ၏ အလံများကို နေရာအနှံ့ ကိုင်ဆောင်နေကြမှုကို အာဏာပိုင်များက တားမြစ်ပိတ်ပင်ပေးရန် ပြည်သူအချို့က လိုလားလျက်ရှိကြောင်း ယနေ့ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်ရှိ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းပေါင်း ၂၁၂ သင်းအနက် အဆင့်သတ်မှတ်ချက် ၁၉၂ တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအသင်း ရပ်တည်နေပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိမိ၏နိုင်ငံအသင်းမပါဝင်သော်လည်း ဘင်္ဂလားဒေ့ရှ်ဘောလုံးပရိသတ်များက ၎င်းတို့နိုင်ငံနှင့် အလှမ်းဝေးကွာလှသော တောင်အမေရိကတိုက်မှ ဘောလုံးအင်အားကြီးအသင်းများကို အင်တိုက်အားတိုက် အားပေးလျက်ရှိရာ ကမ္ဘာ့ဖလားရောဂါထနေသည်ဟုဆိုနိုင်သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်း ဘန်ဒါမြို့တွင် လီယွန်နယ်မက်ဆီနှင့် နေမာတို့ကို အားပေးသူ ဘောလုံးဝါသနာအိုးများအချင်းချင်း ကိုင်းခုတ်ဓားများဖြင့် တိုက်ခိုက်ခဲ့ကြရာ သားအဖနှစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုစဉ်အတွင်း (၁၂) နှစ်အရွယ် ယောကျ်ားလေးတစ်ဦးသည် ဘရာဇီးအလံကို လွှင့်ထူနိုင်ရန် လမ်းဘေးဓာတ်တိုင်ပေါ် တက်စဉ် ဓာတ်လိုက်ကာ သေဆုံးခဲ့သည်။ လူဦးရေသန်းပေါင်း ၁၆၀ ခန့်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းရှိ မြို့များတွင် ဇွန် ၁၄ ရက်တွင် စတင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အားခဲကြည့်ရှုရန် စိတ်အားထက်သန်လျက်ရှိကြသည်။ ဘရာဇီးနိုင်ငံအလံများနှင့် အာဂျင်တီးနားနိုင်ငံအလံများ ရက်သတ္တပတ်များစွာလွှမ်းခြုံလျက်ရှိသည်။

**ပီတီအိုင်**

# ကွန်ပျူတာကွန်ရက်(အင်တာနက်) လုံခြုံရေးဆိုင်ရာ ဥပဒေကို ဗီယက်နမ်လွှတ်တော်က တစ်ခဲနက်အတည်ပြု



**ဟန္နွိုင်း ဇွန် ၁၃**

ကွန်ပျူတာကွန်ရက်(အင်တာနက်) လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို ဗီယက်နမ် လွှတ်တော်အမတ်များက ဇွန် ၁၂ ရက်တွင် တစ်ခဲနက် အတည်ပြုပေးလိုက်ကြောင်း၊ အဆိုပါဥပဒေတွင် အာဏာပိုင်များအား ဝေဖန်သည့် လူထုသဘောထားအမြင် ပါရှိသော အွန်လိုင်းလွှင့်တင်မှုများကို လူမှုကွန်ရက်မီဒီယာဖေ့စ်ဘွတ်နှင့် ဂူဂဲလ်ကုမ္ပဏီတို့က ၂၄ နာရီအတွင်း ပြန်လည်ပယ်ဖျက်မှုပြုလုပ်စေရန် ဖော်ပြထားကြောင်း အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

တစ်ပါတီ စနစ်ကျင့်သုံးသော ဗီယက်နမ်နိုင်ငံ၌ ကွန်မြူနစ်ပါတီအတွင်း အာဏာပိုင်များကို ဝေဖန်ခွင့်မှာ အကန့်အသတ်ရှိနေပြီး အာဏာပိုင်များကို ဝေဖန်သည့် ပြည်သူ့သဘောထား အမြင်များကို လူမှုကွန်ရက်မီဒီယာနှင့် အင်တာနက် ဖိုရမ်တို့တွင်သာ ဖော်ထုတ်ခွင့်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကွန်ပျူတာကွန်ရက်(အင်တာနက်) လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရှိ အမတ်များက တစ်ခဲနက် အတည်ပြုပေးခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်သည်ဟု ထင်မြင်ယူဆရသော အွန်လိုင်းလွှင့်တင်မှုများကို အင်တာနက်ကုမ္ပဏီများက ၂၄ နာရီအတွင်း ပြန်လည်ဖြုတ်ချပေးစေရန် အဆိုပါဥပဒေတွင် ဖော်ပြထားသည်ဆို၏။

အင်တာနက် ကုမ္ပဏီများသည် သက်ဆိုင်ရာ အွန်လိုင်းသုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များကို ဗီယက်နမ်နိုင်ငံ အတွင်း၌သာ သိမ်းဆည်းထားရန်လည်း ယင်းဥပဒေတွင် ဖော်ပြထားသည်။

မျက်မှောက်ကာလတွင် ဂူဂဲလ်နှင့် ဖေ့စ်ဘွတ်အင်တာနက်ကုမ္ပဏီများက သက်ဆိုင်ရာ အွန်လိုင်းသုံးစွဲသူများ၏ ကိုယ်ရေး အချက်အလက်များကို ဟောင်ကောင်နှင့် စင်ကာပူတို့တွင် သိမ်းဆည်းထားကြောင်း အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌ ဗိုထရွန်ဗီယက်က အမတ်များအား ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ သတင်းအချက်အလက်ဌာနများ ဖွင့်လှစ်ခြင်းဖြင့် အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီများအတွက် စရိတ်စက ပိုမိုသုံးစွဲရမည်ဖြစ်သော်လည်း ကွန်ပျူတာကွန်ရက် (အင်တာနက်) လုံခြုံရေးဥပဒေနှင့်အညီ အဆိုပါကုမ္ပဏီများက လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ MRTV မှ ထုတ်လွှင့်မည့် အုပ်စုပွဲစဉ်များ

| အုပ်စု (က) | အုပ်စု(ခ) | အုပ်စု(ဂ) | အုပ်စု(ဃ) |
|---|---|---|---|
| ရုရှား | ပေါ်တူဂီ | ပြင်သစ် | အာဂျင်တီးနား |
| ဆော်ဒီအာရေဗျ | စပိန် | ဩစတြေးလျ | အိုက်စလန် |
| အီဂျစ် | မော်ရိုကို | ပီရူး | ခရိုအေးရှား |
| ဥရုဂွေး | အီရန် | ဒိန်းမတ် | နိုင်ဂျီးရီးယား |

| အုပ်စု(င) | အုပ်စု(စ) | အုပ်စု(ဆ) | အုပ်စု(ဇ) |
|---|---|---|---|
| ဘရာဇီး | ဂျာမနီ | ဘယ်လ်ဂျီယံ | ပိုလန် |
| ဆွစ်ဇာလန် | မက္ကဆီကို | ပနားမား | ဆီနီဂေါ |
| ကော်စတာရီကာ | ဆွီဒင် | တူနီးရှား | ကိုလံဘီယာ |
| ဆားဘီးယား | တောင်ကိုရီးယား | အင်္ဂလန် | ဂျပန် |

**အုပ်စုပွဲစဉ်**

| ပွဲစဉ်အမှတ် | ပြသမည့်ရက်စွဲ | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|---|
| ၁ | ၁၄-၆-၁၈ (ကြာသပတေး) | ၂၁း၃၀ | (က) | ရုရှား နှင့် ဆော်ဒီအာရေဗျ |
| ၈ | ၁၇-၆-၁၈ (တနင်္ဂနွေ) | ၁း၃၀ | (ဃ) | ခရိုအေးရှား နှင့် နိုင်ဂျီးရီးယား |
| ၁၄ | ၁၉-၆-၁၈ (အင်္ဂါ) | ၀၀း၃၀ | (ဆ) | တူနီးရှား နှင့် အင်္ဂလန် |
| ၁၇ | ၂၀-၆-၁၈ (ဗုဒ္ဓဟူး) | ၀၀း၃၀ | (က) | ရုရှား နှင့် အီဂျစ် |
| ၂၆ | ၂၃-၆-၁၈ (စနေ) | ၀၀း၃၀ | (င) | ဆားဘီးယား နှင့် ဆွစ်ဇာလန် |
| ၃၁ | ၂၅-၆-၁၈ (တနင်္လာ) | ၀၀း၃၀ | (ဇ) | ပိုလန် နှင့် ကိုလံဘီယာ |
| ၄၀ | ၂၇-၆-၁၈ (ဗုဒ္ဓဟူး) | ၀၀း၃၀ | (ဃ) | အိုက်စလန် နှင့် ခရိုအေးရှား |
| ၄၂ | ၂၈-၆-၁၈ (ကြာသပတေး) | ၀၀း၃၀ | (င) | ဆွစ်ဇာလန် နှင့် ကော်စတာရီကာ |
| ၄၆ | ၂၉-၆-၁၈ (သောကြာ) | ၀၀း၃၀ | (ဆ) | ပနားမား နှင့် တူနီးရှား |




**✳ နိုင်ပွဲရခဲ့သည့်မှ**

ချေပဂိုးပြန်ရခဲ့၍ ပွဲမှာ အသက်ဝင်လာခြင်းဖြစ်ပြီး ပထမချေပဂိုးကို ကာစီယိုက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာပြီး ၇၄ မိနစ်တွင် သီဟဇော်က ရာဝတီအတွက် ဒုတိယချေပဂိုး သွင်းခဲ့သည်။ မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဂိုးမရှိသရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပင်နယ်တီကန်ရာတွင် ၁၂ လုံးအထိ ကန်သွင်းခဲ့ရပြီး ကာစီယိုမှာ ပင်နယ်တီနှစ်ကြိမ်စလုံး လွဲချော်ခဲ့၍ ရာဝတီအသင်းက ၁၀ ဂိုး-ကိုးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ပင်နယ်တီကန်ရာတွင် ရာဝတီက သုံးဂိုး၊ မကွေးက နှစ်ဂိုး လွဲချော်ခဲ့ပြီး ၁၁ ဦးစလုံး ကန်ပြီးဖြစ်သောကြောင့် ကာစီယို (ရာဝတီ)နှင့် မောင်မောင်စိုး(မကွေး)မှာ နှစ်ကြိမ်စီကန်ခဲ့ရကာ မောင်မောင်စိုးမှာ နှစ်ကြိမ်စလုံး ဂိုးဝင်ခဲ့၍ မကွေးအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရာဝတီနှင့် အမှတ်ပေးပွဲမှ ဖြစ်ရပ်များကြောင့် နည်းပြချုပ် ဦးမျိုးမင်းထွန်း ကွင်းအတွင်း ကြီးကြပ်နိုင်ခြင်းမရှိသလို တိုက်စစ်မှူး ဆယ်လာမှာလည်း ပွဲပယ်ခံထားရ၍ ရန်ကုန်အသင်းသည် အပြောင်းအလဲပြုလုပ်ခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ရန်ကုန်အတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် အီစိုး၊ ၇၆ မိနစ်တွင် ဇော်မင်းထွန်းတို့က သွင်းယူခဲ့သည်။

ကွာတားဖိုင်နယ် (ဒုတိယနေ့)ကို ဇွန် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်နှင့် ရှမ်းယူနိုက်တက်၊ စစ်ကိုင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မကွေးနှင့် ရန်ကုန်အသင်းသည် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## မိုဟာမက်ဆာလာမှာ ဘလွန်းဒီအောဆုအတွက် ပြိုင်ဘက်ဖြစ်လာနိုင်ဟု ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒို ပြောကြား

လက်ရှိ ကမ္ဘာ့ဘောလုံးလောကတွင် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ် မက်ဆီတို့မှာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆု ဖြစ်သည့် ဘလွန်းဒီအောဆုကို ဆယ်စုနှစ်တစ်ခုကျော်ကြာ လွှမ်းမိုးထားခဲ့ကြသော်လည်း ယင်းဆုအတွက် မိုဟာမက် ဆာလာမှာ ပြိုင်ဘက်ဖြစ်လာနိုင်ကြောင်း စီရိုနယ်လ်ဒိုက ပြောကြားလိုက်သည်။

ဘောလုံးသမားတစ်ဦးချင်း စွမ်းဆောင်ရည်အရ ပေးအပ်ချီးမြှင့်သည့် ဘလွန်းဒီအောဆုမှာ ၂၀၀၇ ခုနှစ်က ကာကာ ရရှိခဲ့ပြီးနောက်ပိုင်း ပြိုင်ဘက်ကောင်းကောင်း မရှိတော့ဘဲ စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့သာ လွှမ်းမိုခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် လက်ရှိ၌ လီဗာပူးအသင်းနှင့် ပြီးခဲ့သည့် ဘောလုံးရာသီက သွင်းဂိုး ၄၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာမှာ ဘလွန်းဒီအောဆုအတွက် အဓိကပြိုင်ဘက်ဖြစ်လာဖို့ ရှိနေကြောင်းနှင့် အီဂျစ်အသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ခြင်းသည်လည်း ဆာလာအတွက် အခွင့်အရေးကောင်းဖြစ်ကြောင်း စီရိုနယ်လ်ဒိုက ပြောကြားခဲ့သည်။

ဘလွန်းဒီအောဆုအတွက် စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့သာ အပြိုင်ဖြစ်ခဲ့ရာကနေ လက်ရှိတွင် မိုဟာမက် ဆာလာ ပါဝင်လာခြင်းကိုလည်း ဘောလုံးပရိသတ်အများစုက ဆာလာကိုသာ ရစေချင်တဲ့ဆန္ဒများ ဖြစ်ပေါ်ခဲ့သည်ဟု သုံးသပ်သူများက ဆိုသည်။






ငွေကြယ်-ရေးသားသည်

## အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် မိုနာကိုတိုက်စစ်မှူး သောမက်လီမာ သဘောတူညီခဲ့ဟုဆို

စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသည် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းမှ ပြင်သစ်တိုက်စစ်မှူး သောမက်လီမာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး သောမက်လီမာသည် ပရီမီယာလိဂ်ကလပ်အသင်းများ ဖြစ်ကြသည့် အာဆင်နယ်အသင်း၊ လီဗာပူးအသင်းတို့၏ စိတ်ဝင်စားမှု ခံခဲ့ရသော်လည်း စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး သောမက်လီမာသည် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသို့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ မတိုင်မီက ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး မိုနာကိုအသင်း၏ အကောင်းဆုံးတိုက်စစ်စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သူ ဖြစ်သည်။

တိုက်စစ်မှူး လီမာသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင်မှ စွမ်းဆောင်ရည်ပိုမိုမြင့်တက်လာခဲ့ပြီး မိုနာကိုအသင်းတွင် သွင်းဂိုး ၁၄ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၇ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် ပြင်သစ်ပထမတန်း ဖလားကိုပါ ရယူပေးနိုင်ခဲ့သူ ဖြစ်သည်။

ပြင်သစ်ကြယ်ပွင့် သောမက်လီမာသည် လက်ရှိတွင် ပြင်သစ်ကစားဖော် ဂရစ်ဇ်မန်းနှင့်အတူ နိုင်ငံအသင်းတွင် ပါဝင်လာခဲ့ပြီး ရုရှားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလား ပြိုင်ပွဲ၌ ပြင်သစ်အသင်းမှာ အုပ်စုအဆင့်တွင် ဩစတြေးလျ အသင်း၊ ပီရူးအသင်း၊ ဒိန်းမတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# သွေးလှူရှင်တိုင်း သွေးသန့်အလှူရှင်ဖြစ်ရမည်

တက္ကသိုလ်ဇော်ထူးဦး

သွေးလှူရှင်တိုင်း သွေးသန့်အလှူရှင်ဖြစ်ရေး ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိကြသည်။ သွေးမှတစ်ဆင့်ကူးစက်နိုင်သောရောဂါများကြောင့် သွေးလှူဒါန်းသူတိုင်းထံမှလက်ခံရရှိသော သွေးနှင့် သွေးအစိတ်အပိုင်းများကို ရာနှုန်းပြည့်အသုံးပြုနိုင်ရန်မှာ အခက်အခဲရှိနေသည်။ သို့အတွက် ရာနှုန်းပြည့်သွေးသန့်အလှူရှင်များရရှိရေးကိုရည်မှန်းကာ နိုင်ငံတကာလှုပ်ရှားမှုတစ်ရပ်အဖြစ်ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ၁၅၉ နိုင်ငံ၏ပေးပို့သောစာရင်းများအရ စေတနာအလျောက် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှု ၁၀ ဒသမ ७ သန်းခန့်ရှိခဲ့ရာ အရှေ့တောင်အာရှဒေသမှ ၇၅ ရာခိုင်နှုန်းနှင့် အာဖရိကဒေသမှ ၃၇ ရာခိုင်နှုန်းရှိခဲ့သည်။ သွေးလှူရှင်များစာရင်းတွင် အရှေ့တောင်အာရှနိုင်ငံများတွင် ၅ ဒသမ ၃ သန်း၊ အနောက်ပစိဖိတ်ဒေသ နိုင်ငံများတွင် ၂ ဒသမ ၈ သန်းရှိခဲ့သည်။ သွေးစုဆောင်းရရှိမှုများအနက် ၉၀ ရာခိုင်နှုန်းမှာ စေတနာအလျောက်လှူဒါန်းမှုဖြစ်ပြီး ဝင်ငွေများသောနိုင်ငံများက ၃၉ ရာခိုင်နှုန်း၊ အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံများက ၂၆ ရာခိုင်နှုန်းနှင့် ဝင်ငွေနည်းသောနိုင်ငံများမှာ ကိုးရာခိုင်နှုန်းဖြစ်သည်။ သို့သော်လည်း ၇၁ နိုင်ငံတွင် ၅၀ ရာခိုင်နှုန်း သွေးလှူဒါန်းမှုနှင့်ဖြန့်ဖြူးမှုမှာ မိသားစုဝင်ဆွေမျိုးမိတ်ဆွေနှင့် အခကြေးငွေပေးရသူများကို အားကိုးနေရဆဲဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်း ၂၄ နိုင်ငံ၏စာရင်းများအရ သွေးလှူဒါန်းမှုစုစုပေါင်း ၁၆၅၀၀၀၀ ခန့်မှာ အခကြေးငွေပေးခဲ့ရကြောင်း ဖော်ပြထားသည်။

**ပူးပေါင်းဆောင်ရွက်**

၁၉၇၅ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးညီလာခံက အခကြေးငွေမယူဘဲ စေတနာအလျောက်သွေးလှူဒါန်းမှုအပေါ် အခြေခံကာ မိမိတို့နိုင်ငံအလိုက် နိုင်ငံတော်အဆင့် သွေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ ထိုအချိန်မှစတင်ပြီး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် ဘေးအန္တရာယ်ကင်းသော သွေးနှင့်သွေးအစိတ်အပိုင်းများကို ရေရှည်ဖြည့်တင်းပေးနိုင်ရေးနှင့် အန္တရာယ်ကင်းသောသွေးသွင်းကုသမှုဆိုင်ရာများကို ဦးတည်ကာ ပူးပေါင်းဆောင်ရွက်လာကြသည်။

ယနေ့ကမ္ဘာတွင် စေတနာအလျောက် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှုကို စည်းရုံးလုပ်ဆောင်နေသော အဖွဲ့အစည်းများဖြစ်သည့် ၁၉၂ နိုင်ငံပါဝင်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ World Health Organization (WHO)၊ ၁၉၀ နိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း International Federation of Red Cross and Red Crescent Societies (IFRC)၊ နိုင်ငံ ၅၀ ပါဝင်သော နိုင်ငံတကာသွေးလှူရှင်အဖွဲ့များအဖွဲ့ချုပ် International Federation of Blood Donor Organization (FIBDO)နှင့် နိုင်ငံတကာသွေးသွင်းကုသမှုအဖွဲ့ International Society of Blood Transfusion (ISBT) တို့အနေဖြင့် စေတနာသွေးလှူရှင်များ၏ မွန်မြတ်သော အလှူဒါနကို အသိအမှတ်ပြုရေး အထိမ်းအမှတ်နေ့တစ်နေ့ကို သတ်မှတ်ဂုဏ်ပြုရန်စဉ်းစားခဲ့ကြသည်။

ထိုသို့စဉ်းစားရာတွင် ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော Blood Safe Lives, Safe Blood start with me ဆောင်ပုဒ်အပေါ်အခြေခံပြီး အသက်ရှင်သန်ရေးအတွက် အဖိုးတန်သောလက်ဆောင်ကိုပေးခဲ့ကြသည့် လူသားများအား ကျေးဇူးတင်ခွင့်ရနိုင်ရေးကို ရည်ရွယ်ခဲ့သည်။ သို့ဖြစ်၍ အထိမ်းအမှတ်နေ့အဖြစ် အေ၊ ဘီ၊ အိုသွေးအုပ်စုကို ရှာဖွေတွေ့ရှိခဲ့သူ နိုဘယ်ဆုရှင် ကားလန်စတိန်းနား (Karl Landsteiner) ၏ မွေးနေ့ဖြစ်သော ဇွန် ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) အဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါနေ့သည် မိမိတို့နိုင်ငံအလိုက် သတ်မှတ်ထားသော သွေးလှူရှင်များနေ့ကို အစားထိုးရန်ရည်ရွယ်ခြင်းမဟုတ်ဘဲ စည်းလုံးညီညွတ်မှုကို အထောက်အကူပြုဖြစ်စေမည့် နိုင်ငံတကာပါဝင်ဆင်နွှဲနိုင်မည့် နေ့တစ်နေ့အဖြစ်သတ်မှတ်ခြင်းဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ၂၀၀၄ ခုနှစ်မှစတင်ကာ နိုင်ငံအသီးသီးတွင် စတင်ကျင်းပခဲ့သည်။ ထိုသို့ကျင်းပရာတွင် နှစ်စဉ် ဦးတည်ချက်တစ်ခုစီသတ်မှတ်ခဲ့သည်။ လူငယ်များသွေးလှူဒါန်းလာရေး၊ သွေးလက်ခံသူ လူနာများ၏ ကျေးဇူး တုံ့ပြန်မှုကို ဖော်ပြရေး၊ စေတနာသွေးလှူရှင်လုပ်ငန်းတွင် လူထုပါဝင်ကာအကြံဉာဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မိခင်လောင်းများအတွက် သွေးသန့်ရရှိရေး၊ အန္တရာယ်ကင်းသောသွေးများ ပုံမှန်လှူဒါန်းနိုင်ရေး၊ သွေးနှင့်သွေးအစိတ်အပိုင်းများကို စေတနာသွေးလှူရှင် အခကြေးငွေမယူသည့်သွေးလှူရှင်များထံမှ ရာနှုန်းပြည့်ရရှိရေးဟူသည့် ဦးတည်ချက်များဖြင့် ကျင်းပခဲ့ကြသည်။ သို့အတွက်နိုင်ငံအသီးသီးသည် ဝေဒနာရှင်လူနာများအတွက် သန့်စင်သောသွေးကို စေတနာ သွေးလှူရှင်များထံမှရရှိရန် မျှော်လင့်ချက်ထားရှိသည်။ သွေးနှင့်ပတ်သက်လာလျှင် ပုံမှန်သွေးလှူရှင်များကို အားထားလာရသကဲ့သို့ အခကြေးငွေမယူဘဲ စေတနာအလျောက်လှူဒါန်းသည့် ပုံမှန်သွေးလှူရှင်များရရှိရေးကို ဦးတည်စည်းရုံးလျက်ရှိနေကြသည်။ ၂၀၁၈ ခုနှစ် (ယခုနှစ်)ဆောင်ပုဒ်မှာ “Be there for someone else. Give blood,Share life” ဖြစ်သည်။ ကမ္ဘာ့သွေးလှူရှင်များနေ့ ကမ္ဘာလုံးဆိုင်ရာအခမ်းအနားကို ဂရိနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကာ အေသင်မြို့ ဟေလင်းနစ် အမျိုးသားသွေးဌာနတွင် ပြုလုပ်သွားမည်ဖြစ်သည်။ အလားတူ နိုင်ငံအသီးသီးတွင်လည်း အထိမ်းအမှတ်ပွဲများကို ကျင်းပကြမည်ဖြစ်သည်။

**အန္တရာယ်ကင်းစင်သောသွေး**

သွေးသွင်းကုသရာတွင် အဓိကလိုအပ်ချက် တစ်ခုမှာ အန္တရာယ်ကင်းစင်သောသွေး (သို့) ရောဂါပိုးမပါသောသွေး (သို့) သွေးသန့်ရရှိရေးပင်ဖြစ်သည်။ ဆေးဘက်ဆိုင်ရာများအနေဖြင့် ယင်းသို့သွေးသန့်ရရှိရေးကို အလေးထားစစ်ဆေးကြသော်လည်း အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကဲ့သို့ ကူးစက်ရောဂါအချို့တွင်မူ အရေးပေါ် ချက်ချင်းစစ်ဆေးသော်လည်း ရောဂါပိုးကို ရှာဖွေမတွေ့ရှိသည်များရှိနေသည်။

ယနေ့ထက်တိုင် အတုပြုလုပ်၍ မရနိုင်သောသွေးကို အသက်ရှင်လျက်ရှိသော လူသား၏ကိုယ်ခန္ဓာအတွင်းမှသာ ထုတ်ယူရရှိနိုင်သည်ဖြစ်ရာ အရေးပေါ်သွေးလိုအပ်မှုအတွက် သွေးလှူရှင်များကိုသာရှာဖွေရသည်။ သွေးဖြင့်အသက်ကယ်ရန်အတွက် သွေးလှူရှင်များကိုအားကိုးရသည်မှန်သော်လည်း မျက်မှောက်ခေတ်ကာလတွင် သွေးလှူရှင်တိုင်း သွေးသန့်အလှူရှင် မဖြစ်နိုင်တော့ပါ။ သို့ဖြစ်၍ သွေးလိုအပ်သူတိုင်း သွေးသန့်အလှူရှင် (ကူးစက်ရောဂါ ပိုးကင်းစင်သော သွေးအလှူရှင်) ကိုသာရှာဖွေရမည်ဖြစ်သည်။

သွေးလိုအပ်မှုများအတွက် သွေးအလှူရှင်အမျိုးအစားကို သုံးမျိုးတွေ့ရသည်။ အစားထိုးလှူဒါန်းသော မိသားစုဝင် (သို့) မိတ်ဆွေသွေးလှူရှင်များ (family or friend replacement donors)၊ အခကြေးငွေဖြင့်လှူဒါန်းသော စီးပွားရေးသွေးလှူရှင်များ (paid or commercial donors)၊ မိမိဆန္ဒအလျောက် အခကြေးငွေမယူဘဲလှူဒါန်းသောသွေးလှူရှင်များ (voluntary or non-remunerated donors) ဟူ၍ဖြစ်သည်။

အဆိုပါသွေးလှူရှင် သုံးမျိုးအနက် မည်သည့် သွေးလှူရှင်သည် ဘေးအန္တရာယ်အနည်းဆုံးဖြစ်သည်ကို လေ့လာကြည့်ပါက




သွေးကိုရောင်းချ၍ အသက်မွေးဝမ်းကျောင်းပြုသူများ၊ ဝင်ငွေရရှိရေးအတွက် သွေးကိုရောင်းစားသူများမှာ ကူးစက်ရောဂါဖြစ်စေနိုင်သည့် ဘေးအန္တရာယ်အများဆုံးသော ပုဂ္ဂိုလ်များဖြစ်သည်။ ၎င်းတို့၏ သွေးပေးခြင်း အဓိကအကြောင်းရင်းမှာ အသက်ကယ်လိုမှုအတွက်မဟုတ်ဘဲ ငွေကြေးရယူလိုမှုဖြစ်သည်။ ထို့ကြောင့် ၎င်းတို့မှာ သွေးပေးလှူရန် မသင့်လျော်သောအကြောင်းများရှိနေလျှင်လည်း ထုတ်ဖော်ပြောကြားမည့် အလားအလာနည်းပါးသည်။ ထိုသူများထံမှ ရရှိသောသွေးဖြင့် သွေးသွင်းကုသရာတွင် ရောဂါကူးစက်မှုနှုန်းအမြင့်မားဆုံးဖြစ်သည်။

မိသားစုဝင် (သို့) မိတ်ဆွေသွေးလှူရှင်များမှာ အခကြေးငွေယူ၍ သွေးလှူသူများနှင့် နှိုင်းစာလျှင် ပိုမိုဘေးအန္တရာယ်ကင်းရှင်းလေ့ရှိသော်လည်း စေတနာသွေးလှူရှင်များထက် သွေးသွင်းခြင်းဖြင့် ကူးစက်ပြန့်ပွားနိုင်သော ရောဂါများ ဖြစ်ပွားမှုပိုမိုမြင့်မားတတ်သည်။ အကြောင်းမှာသွေးလှူဒါန်းရန် စိတ်ခံစားမှုအားဖြင့် ဖိအားပေးမှု ခံရသောကြောင့် မိမိ၏ ကျန်းမာရေးအခြေအနေကိုလည်းကောင်း၊ ဘေးအန္တရာယ်များပြားသောအပြုအမူကိုလည်းကောင်း ထုတ်ဖော်ပြောကြားခြင်းမပြုကြသောကြောင့်ဖြစ်သည်။

**စေတနာသွေးလှူရှင်များကိုသာရွေးချယ်သင့်**

မိမိဆန္ဒအလျောက်အခကြေးငွေမယူဘဲ ပုံမှန်သွေးပေးလှူဒါန်းသောသွေးလှူရှင်များမှာ ဘေးအန္တရာယ်ကင်းရှင်းသော သွေးလှူရှင်များ ဖြစ်ကြသည်။ ယင်းတို့မှာစေတနာသွေးလှူရှင်များဖြစ်သည်။ သို့ဖြစ်၍သွေးလိုအပ်မှုအတွက် သွေးသန့်အလှူရှင်ကိုရွေးချယ်ရာတွင် ပုံမှန်လှူဒါန်းနေသောစေတနာသွေးလှူရှင်များကိုသာရွေးချယ်သင့်သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌သွေးသွင်းကုသမှုများ အန္တရာယ်ကင်းရှင်းစေရေးအတွက် စေတနာသွေးလှူရှင်များ ပေါ်ပေါက်ရေးကို စည်းရုံးလှုံ့ဆော်လျက်ရှိနေသည်။ အလားတူသွေးလှူမည့် အလားအလာရှိသူများအားလည်း ရောဂါကူးစက်မှုဖြစ်စေတတ်သောအန္တရာယ်ရှိသည့် အပြုအမူများကို ရှောင်ရှားကြရန်နှင့် အန္တရာယ်ဖြစ်စေသည့်အပြုအမူ တစ်စုံတစ်ရာပြုလုပ်ထားမိပါက သွေးလှူဒါန်းမှုမပြုရန် ပညာပေးမှုများလည်းပြုလုပ်နေကြသည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသားသွေးဌာနအနေဖြင့် ဆေးရုံများတွင် သွေးသွင်းကုသမှုအတွက် လိုအပ်သော သွေးများကို ပုံမှန်လှူဒါန်းနေကြသော စေတနာသွေးလှူရှင်များထံမှ စုဆောင်းလျက်ရှိသည်။ ထို့အပြင် စေတနာသွေး လှူရှင်အဖွဲ့များကလည်း ပုံမှန်သွေးလှူဒါန်းမှုများကို ပြုလုပ်လျက်ရှိကြသည်။ အရေးပေါ် သွေးသွင်းကုသမှုအတွက် သွေးလိုအပ်ပါက ပုံမှန်လှူဒါန်းနေသော စေတနာသွေးလှူရှင်များကို ရှာဖွေခြင်းဖြင့် အန္တရာယ်နည်းပါးသော သွေးသန့်ကို ရရှိနိုင်မည်ဖြစ်သည်။

စေတနာသွေးလှူရှင်ဆိုသည်မှာမည်သူနည်း။

သွေး (သို့မဟုတ်) သွေးအစိတ်အပိုင်းများကို မိမိ၏သဘောဆန္ဒအလျောက်ပေးလှူပြီး ထိုသို့ပေးလှူသည့်အတွက် ငွေသားဖြစ်စေ၊ ငွေကြေးအစားထိုးဟုယူဆနိုင်သော ပစ္စည်းဖြစ်စေ၊ တစ်စုံတစ်ရာ အခကြေးငွေဖြစ်စေ မရရှိသော သွေးလှူရှင်ကိုခေါ်သည်။

အခကြေးငွေမယူသော စေတနာသွေးလှူရှင်များသည် ရာနှုန်းပြည့်သွေးသန့်ရရှိရေးအတွက် အဓိကဖြစ်သည်။

စေတနာ သွေးလှူရှင်များသည် မိမိသဘောဆန္ဒဖြင့် မည်သည့်တိုက်တွန်းမှု၊ ဖိအားပေးမှု၊ စေခိုင်းမှုမပါရှိဘဲ လှူဒါန်းသူများဖြစ်သည်။ မည်သည့်လူနာအတွက်ဟု မရည်ရွယ်ဘဲ လိုအပ်သလိုသုံးစွဲရန်လှူဒါန်းခြင်းဖြစ်သည်ဟု ယုံကြည်ချက်ထားသူများဖြစ်သည်။

စိတ်ချရသော သွေးလှူရှင်ဟူသည် လှူဒါန်းလိုက်သည့်သွေးမှ ရောဂါပြန့်ပွားမည့် အန္တရာယ်နည်းပါးသည့် သွေးလှူရှင်ဖြစ်သည်။ အဆိုပါသွေးလှူရှင်များမှာ စေတနာအလျောက် ပုံမှန်လှူဒါန်းနေသောသွေးလှူရှင်များဖြစ်သည်။ သွေးလှူရှင်ဖြစ်ဖို့ထက် သွေးသန့်အလှူရှင်ဖြစ်ဖို့လိုအပ်မည်ဖြစ်သည်။ ။

> “အရေးပေါ်သွေးလိုအပ် မှုအတွက် သွေးလှူရှင်များကိုရှာဖွေရ . . .
> သွေးဖြင့်အသက်ကယ်ရန်အတွက် သွေးလှူရှင်များကို
> အားကိုးရသည်မှန်သော်လည်း မျက်မှောက်ခေတ်ကာလတွင်
> သွေးလှူရှင်တိုင်း သွေးသန့်အလှူရှင် မဖြစ်နိုင်...
> သို့ဖြစ်၍ သွေးလိုအပ်သူတိုင်း သွေးသန့်အလှူရှင်
> (ကူးစက်ရောဂါပိုး ကင်းစင်သော သွေးအလှူရှင်) ကိုသာရှာဖွေရ . . . ”

## ပြည်တွင်းရေးရာ

# မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံထုတ်အဆင့်မြင့်မီးငြှိမ်းသတ်ယာဉ်ရောက်ရှိ

**မန္တလေး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနတွင် အသုံးပြုရန် ပိုလန်နိုင်ငံထုတ် အဆင့်မြင့်မီးငြှိမ်းသတ်ရေးယာဉ်တစ်စီး ဇွန် ၁၂ ရက်က ဗဟိုမီးသတ် စခန်းသို့ ရောက်ရှိလာခဲ့သည်။

ဗဟိုမီးသတ်စခန်းသို့ ရောက်ရှိလာသော မီးသတ်ယာဉ်သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အမှတ်တံဆိပ် MFSD Logo တပ်ဆင်ထားပြီး မော်တော်ယာဉ် အစိတ်အပိုင်းများအား ဖြတ်တောက်နိုင်သော ဖြတ်စက်များ၊ မီးစက်၊ ရေစုပ်စက်စသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများတပ်ဆင်ထားသည်။ ယာဉ်အတွင်း ရေလီတာ ၅၀၀၀ ဆံ့ ကန်တစ်ခု၊ လောင်စာဆီမီးလောင်မှုငြှိမ်းသတ်နိုင်သော ဆေးရည်လီတာ ၆၀၀ ဆံ့ကန်တစ်ခု ပါဝင်သည်။

ပိုလန်နိုင်ငံ WISS ကုမ္ပဏီထုတ် မီးသတ်စက်ရုပ်အပါအဝင် အဆင့်မြင့် မီးငြှိမ်းသတ်ရေးယာဉ် ၆၅စီး ဝယ်ယူထားရာ ပထမဆုံးရောက်ရှိလာသော မီးသတ်ယာဉ်ဖြစ်သည်။ မီးသတ်ဦးစီးဌာနမှ ဝယ်ယူထားသော အဆင့်မြင့် မီးသတ်ယာဉ်များမှာ ခါတု၊ ဇီဝ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ မီးလောင်မှု ဖယ်ရှားရှင်းလင်း မီးငြှိမ်းသတ်နိုင်သည့်Hanmat Vehicleယာဉ် နှစ်စီး၊ ငလျင် အပါအဝင် အရေးပေါ်အခြေအနေများတွင် အသုံးပြုနိုင်သည့် Heavy Rescue&Lifting Vehicleယာဉ် ၁၀ စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်ကြီး Heavy Rescue&Towing Vehicle ကိုးစီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် Heavy Rescue Towing ငါးစီး၊ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ယာဉ် လေးစီး၊ မီးငြှိမ်းသတ်ရေးအဆင့်မြင့်ယာဉ် အစီး ၂၀၊ အထပ်မြင့်မီးငြှိမ်း သတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၂၅ မီတာလှေကားပါယာဉ် ၁၀ စီး၊ ၄၈ မီတာလှေကားပါယာဉ်ကြီး ငါးစီး စုစုပေါင်းအဆင့်မြင့်မီးငြှိမ်းသတ်ရေး နှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၆၅ စီး ဝယ်ယူထားပြီး မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မီးငြှိမ်းသတ်ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ခုနစ်စီး ခွဲတမ်းရရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ပွန်တွန်းပေါတံတားပေါ်တွင် ၁၃ တန်နှင့်အထက်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိ

**ဘားအံ ဇွန် ၁၃**

ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်ကားလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားပေါ်တွင် ၁၃ တန်အောက် မော်တော်ယာဉ်များကိုသာ ဖြတ်သန်း သွားလာခွင့် ပြုထားရာ ၁၃ တန်အောက်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာ လျက်ရှိပြီး ၁၃ တန်နှင့်အထက် မော်တော်ယာဉ်များကို တံတားဘေးရှိ ပွန်တွန်း ဖောတံတားမှ ဖြတ်သန်းသွားလာခွင့်ပြုခဲ့သည်။

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂျိုင်းမြစ်ရေမြင့်တက်လာသဖြင့် ပွန်တွန်းဖောတံတားနှင့် ချဉ်းကပ်လမ်းအနိမ့် အမြင့်ကွာဟမှု ဖြစ်ပေါ်ခဲ့သောကြောင့် အသေးစားပြင်ဆင်မှုများ ဆောင်ရွက် နေစဉ် ၁၃ တန်နှင့်အထက် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကို ၄၅ မိနစ်ခန့် ခေတ္တခဏပိတ်ထားခဲ့ရာ ပြင်ဆင်မှုများ ပြီးစီးပြီဖြစ်၍ မော်တော် ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုသိမ်–မုံရွာကားလမ်း ကမ်းကပ်ခုံရေပြွန်တံတား ကျိုးပြတ်

**စလင်း ဇွန် ၁၃**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် အမှတ် (၃၁၁/၁)နှင့် (၃၃၁/၂)အကြား ကံပြား အုပ်ကျေးရွာအုပ်စု တောင်စဉ်ကျေးရွာနှင့် ကံပြား ကျေးရွာကြား တံတားအမှတ် (၃/၃၁၂) အုတ်စီကမ်းကပ်ခုံ ရေပြွန်တံတား တစ်စင်း ဇွန် ၁၂ ရက် ညနေ ၃ နာရီခွဲက ပေ ၂၀ ခန့် ကျိုးပြတ်သွားခဲ့သည်။

အဆိုပါတံတားပျက်စီးမှုနှင့်ပတ်သက်၍ လက်ရှိတွင် ရေစီးအားအရှိန်ပြင်းထန်နေသဖြင့် ပြန်လည်ပြုပြင်၍ မရသေးပါကြောင်း၊ ရေစီးအားနည်းကာ ရာသီဥတု ကောင်းမွန်သည့် အချိန်တွင် သက်ဆိုင်ရာ လမ်းဦးစီးဌာနမှ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေပြွန်တံတားပေ ၂၀ ခန့်ကျိုးပြတ်သွားမှုကြောင့် ပုသိမ်-မုံရွာလမ်းပေါ်တွင် ယာဉ်သွားလာမှု ခေတ္တပြတ်တောက်မည်ဖြစ်ကာ လမ်းလွှဲအနေဖြင့် ပုသိမ်-မုံရွာလမ်း ကံစွန်းမ(ဆိပ်ဖြူ)-ကံပြား(စလင်း)-စလင်း (စလင်းမြို့တွင်းမှဖြတ်ကာ) ပွင့်ဖြူလမ်းကြောင်းအတိုင်းလည်းကောင်း၊ ပုသိမ်-မုံရွာလမ်း ပဒါန်း(ငဖဲ)-ကံပြား(စလင်း)-ကန်စွန်းမ (ဆိပ်ဖြူ) လမ်းအကြောင်းအတိုင်းလာသော ယာဉ်များအနေဖြင့် မဲဇလီ-ရှောက်တော မြောင်းဘောင်လမ်း (ပွင့်ဖြူ)-စလင်း(စလင်းမြို့တွင်းမှ ဖြတ်ကာ)-ကံပြား (စလင်း)-ကန်စွန်းမ(ဆိပ်ဖြူ)လမ်းကြောင်းများအတိုင်း လည်းကောင်း မောင်းနှင်နိုင်ရေး တာဝန်ရှိသူများက စီစဉ်ထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**မြစ်ကြီးနား ဇွန် ၁၃**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန မြစ်ကြီးနားခရိုင် ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လှိုင်က လူရွယ်အလုပ်သမားများ၏လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေရေး၊ကလေးအလုပ်သမား အဆုံးသတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်နန်းနွမ်းဟွမ်က ကလေးသူငယ်များလုပ်ငန်းခွင်တွင် ကြုံတွေ့နိုင်သည့် လုပ်ငန်းခွင်အန္တရာယ်များ၊ လူငယ်အလုပ်သမားများ လုပ်ငန်းခွင်၌ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ရေး ကြိုတင်သိရှိထားရမည့် နည်းလမ်းကောင်းများ၊ အလုပ်သမား ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့ပေါ်ရှိ ပုဂ္ဂလိက အလုပ်ရုံ၊ ဈေးဆိုင်တို့မှ ပိုင်ရှင်များနှင့် အလုပ်သမားများ တက်ရောက်ကြကြောင်း သိရသည်။

**ဦးလေးကြီး**



# ကံမမြို့နယ်တွင် မင်းတုန်းချောင်းကူးမီးရထားတံတား ချဉ်းကပ်တာပေါင်ကျိုးပဲ့

**ကံမ ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဇွန် ၁၃ ရက် နံနက်က အုတ်ပုံရပ်နားစခန်းအနီး မီးရထားလမ်း မိုင်တိုင်အမှတ် (၂၅၀/၁၃ နှင့် ၁၆) ကြား အရှည် ၆၈၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့်ပေ ၂၀ ရှိသည့် သံကူကွန်ကရစ် မင်းတုန်းချောင်းကူးမီးရထားတံတား၏ မြောက်ဘက် ချဉ်းကပ်မြေထိန်းနံရံမှာ မိုးအဆက်မပြတ်ရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ၁၅ ပေခန့်မြေသားများ ကျိုးပဲ့သွားခဲ့သည်။

အဆိုပါတံတားမှာ မီးရထားအပြင် မော်တော်ယာဉ်များပါ ဖြတ်သန်းသွားလာနိုင်ရန် တည်ဆောက်ထားခဲ့ခြင်းဖြစ်ရာ မြေသားများကျိုးပဲ့သွားခြင်းကြောင့် ရွှေတော-အုတ်ရှစ်ချို-သရက်တော-အင်ဘက်တော-ရှားစေးဘို-အလပ်လယ်-ဆုံကုန်း ကျေးရွာချင်းဆက်လမ်း၊ ရွှေတော- ကရင်စု-ထန်းလေးပင်-ဝန်လိုကိုင်း-ခမ္မသော်-ပုထိုး ကျေးရွာချင်းဆက်လမ်းနှင့် ရွှေတော-အင်ဘက်တော-အလယ်ရွာ-ပုထိုးကျေးရွာချင်းဆက်လမ်းများသည် ကံမမြို့နှင့် ယာဉ်သွားလာမှု ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# မုံရွာမြို့နယ် ကျောက်ကာထန်းဇလုတ်ရေကူတမံ ကန်ရေပြည့်မှတ်ရောက်ရန် နှစ်ပေခွဲခန့်လို

**မုံရွာ ဇွန် ၁၃**

မုံရွာမြို့နယ် ကျောက်ကာ ထန်းဇလုတ် ရေကူတမံ၏ အခြေအနေသည် လက်ရှိတွင် ကန်ရေပြည့်မှတ် ရောက်ရန် နှစ်ပေခွဲခန့်လိုသေးကြောင်း မုံရွာ မြို့နယ် ဆည်မြောင်း အရာရှိ ဦးဝင်းထိန်ထံမှ သိရသည်။

"မနေ့ကအထိတော့ ကန်ရေပြည့်ရောက်ဖို့ ၄ ဒသမ ၈၅ ပေလိုပါသေးတယ်၊ ဒီနေ့ကမနေ့ကထက်တော့ ရေပိုများလာတယ်" ဟု ဦးဝင်းထိန်က အတည်ပြုပြောကြားသည်။

ယမန်နေ့က မုံရွာမြို့နယ် ကျောက်ကာ ထန်းဇလုတ်ရေကူတမံနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရန် အသိပေးနှိုးဆော်ချက်ကို နားလည်မှုလွဲပြီး ဒေသခံများအနေဖြင့် ရေဘေးစိုးရိမ်စိတ်များ ဖြစ်ပေါ်နေသဖြင့် Sagaing Regional Information Page အချိန်နှင့် တစ်ပြေးညီတင်ပြပေးလျက်ရှိသည်ကို တွေ့ရသည်။

ထန်းဇလုတ်ရေကူတမံ၏ ရေလှောင်ပမာဏသည် လက်ရှိတွင် ၂၇၀၄ ဧက ရှိပြီးဆည်ရေပြည့်ဧက ၃၆၆၀ ရှိကာ ဆည်ရေပြည့်အမှတ်သည် ၅၄၃ ပေရှိရာ လက်ရှိတွင် ပေ ၅၄၀ ကျော် ရောက်ရှိနေရာ ကန်ရေပြည့်ရန် နှစ်ပေခွဲခန့်လိုသေးကြောင်း သိရသည်။

"အခုချိန်ထိထန်းဇလုတ်ဆည်ရေ ပိုလျှံကရေမကျော်သေးပါဘူး။ ထန်းဇလုတ်ရေကျော်ကဆိုင်ကယ်နဲ့သွားလို့ ရပါသေးတယ်"ဟုဒေသခံတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးမိတ်မြို့တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**မိုးမိတ် ဇွန် ၁၃**

ရှမ်းပြည်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေများမြင့်တက်လျက်ရှိရာ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက နမ့်မိတ်ချောင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုသို့ မိုးမိတ်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးဦးညီဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ကာ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်းသိရသည်။ **မိုးမိတ်သား**

# တာတမံပျက်စီးနိုင်သောအချက်များနှင့် ထိန်းသိမ်းစောင့်ရှောက်ရန်နည်းလမ်းများ လက်တွေ့သရုပ်ပြ

**ဇလွန် ဇွန် ၁၃**

ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် မိုးရာသီ တာတမံများထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တာတမံပျက်စီးနိုင်သောအချက်များအား ဒေသခံ ပြည်သူများ သိရှိလိုက်နာစေရန်အတွက် ရေဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇွန် ၁၂ ရက်နံနက် ၉ နာရီက ဧရာဝတီ-ဟင်္သာတတာမိုင် ၂၁ / ၀ (ဒေါင့်ကြီးရေကင်းစခန်း)အနီးတွင် ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းတို့က တာတမံများ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေး ပြောကြားပြီး ဟင်္သာတခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက ရေဘေးကာကွယ်ရေး လုပ်ငန်းများ ပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆယ်မောင်က တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက်၊ ထူးပေါက်၊ တာအိ၊ သဲဗွက်ထတာကျွံခြင်း၊ မြေကတုတ် (ရေခွေ) တို့ဖြင့် ကာကွယ်စောင့်ရှောက်သည့် နည်းလမ်းများကို တက်ရောက်လာသည့် ဒေသခံပြည်သူများ သိရှိနားလည်စေရန် လက်တွေ့သရုပ်ပြရှင်းလင်းသည်။

အဆိုပါ ရေဘေးကာကွယ်ရေးသရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သတင်းတိုများ

### လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၃ လုံးပျက်စီး

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျောက်စရစ်ကျေးရွာအုပ်စု အင်တိုင်းကုန်းကျေးရွာတွင် ဇွန် ၁၂ ရက် ည ၈ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၃ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် ကျောက်ကြီးမြို့နယ်အတွင်း လူနေအိမ်အလုံး ၇၀ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

### သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက် ၁၄ သစ်စက် ဓမ္မာရုံ၌ ဇွန် ၁၁ ရက် ညနေ ၆ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်က သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းပညာပေးဟောပြောခဲ့ရာ အုံ့ကြီးအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဝင် ရွေးချယ်

**ရန်ကုန်**

ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ် မြစိမ်းရောင်စီမံကိန်းကျေးရွာများအဖြစ် ရွေးချယ်ထားသည့် မကျီးကန်ကျေးရွာအုပ်စု မကျီးကန်ကျေးရွာနှင့် ကြာကန်ကျေးရွာအုပ်စု (ကံကုန်း-မဖူးစု) ကျေးရွာတို့တွင် ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဝင်များအား ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြို့နယ်မှလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့က ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သက်မှူး**

# စေ့စပ်လိုက်ပြီဖြစ်တဲ့ အရီရန်နာဂရန်းဒ်နဲ့ ပီးထ်ဒေးဗစ်ဆန်

အေး ပြည့် ရေး သား သည်





ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ကတော့ ပရိသတ်တွေကို မျက်လှည့်ပြနေသလိုပါပဲ။ သူဟာ ချစ်သူနဲ့လမ်းခွဲကြောင်း ရုတ်တရက်ပြောကြားခဲ့ပြီး ဆက်တိုက်ဆိုသလိုပဲ ချစ်သူသစ်အကြောင်း ထုတ်ဖော်လာတာပါ။ လူမှုကွန်ရက်ပေါ်မှာလည်း ချစ်သူသစ်ရနေပြီဖြစ်ကြောင်း လျှင်လျှင်မြန်မြန်ထုတ်ဖော်လာခဲ့ပြီး တရားဝင်တွဲခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်းကာလတိုအတွင်းမှာပဲ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့တာ ဖြစ်ပါတယ်။

အရီရန်နာဂရန်းဒ်အနေနဲ့ ချစ်သူသစ်ပီးထ်ဒေးဗစ်ဆန်နဲ့ စေ့စပ်ခဲ့ပြီးဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာများစွာက ဇွန် ၁၂ ရက်မှာ ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။ ဒီလိုဖော်ပြခဲ့ရတာကတော့ အရီရန်နာဂရန်းဒ်ဟာ လတ်တလောကျင်းပခဲ့တဲ့ မိခင်ဖြစ်သူရဲ့ မွေးနေ့ပါတီမှာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ ကြီးမားတဲ့ စိန်လက်စွပ်တစ်ကွင်းကို ဝတ်ဆင်ထားတာတွေ့ရပါတယ်။ ဒါကြောင့် ပေါ့ပ်ကြယ်ပွင့်အနေနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ဝေဖန်ရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။ ဘဲဥပုံစိန်လက်စွပ်ကိုတော့ အရီရန်နာဂရန်းဒ်ဟာ ဝတ်ဆင်လေ့ရှိတာ သီတင်းနှစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်းလည်း ပရိသတ်တွေက ဝေဖန်ရေးသားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့တာကတော့ အရီရန်နာဂရန်းဒ်နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက ပီးပဲလ်ကို ပြောကြားခဲ့ရာမှာတော့ သူတို့နှစ်ဦးဟာ လတ်တလောမှာမှ စေ့စပ်လိုက်ကြတာဖြစ်ကြောင်း ထုတ်ဖော်ခဲ့ပါတယ်။ ဒီလိုစေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီးနောက် အရီရန်နာဂရန်းဒ်တို့စုံတွဲနဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့ မိသားစုဝင်တွေဟာ စေ့စပ်ပွဲအထိမ်းအမှတ်အဖြစ် ကယ်လီဖိုးနီးယားက ဒစ်စနေလန်းဒ်မှာ အလည်အပတ် ထွက်ခဲ့ကြကြောင်းလည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ အလည်အပတ်ခရီးမှာတော့ ကြယ်ပွင့်စုံတွဲအပြင် အရီရန်နာဂရန်းဒ်ရဲ့ မိခင်ဖြစ်သူ ဂျိုန်းနဲ့ မောင်ဖြစ်သူ ဖရန်ကီဂရန်းဒ်လည်း အတူလိုက်ပါခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒစ်စနေလန်းဒ်မှာ ပျော်ရွှင်နေကြတဲ့ မိသားစုတွေရဲ့ ပုံရိပ်တွေကို ပရိသတ်တစ်ဦးက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ အလားတူ အရီရန်နာဂရန်းဒ်ရဲ့ မောင်ဖြစ်သူ ဖရန်ကီဂရန်းဒ်ကလည်း အလည်အပတ်ခရီးစဉ်အတွင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံအချို့ကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အရီရန်နာဂရန်းဒ်ဟာ ပီးထ်ဒေးဗစ်ဆန်နဲ့ ချစ်သူတွေဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး သီတင်းနှစ်ပတ်ခန့်အကြာမှာ စေ့စပ်တဲ့သတင်းထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ ဒေးဗစ်ဆန် အရင်က တေးသံရှင် မစ်ခ်မေလာနဲ့ အချိန်အတော်ကြာလက်တွဲခဲ့ပါတယ်။ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ရုတ်တရက်ထုတ်ဖော်ပြောကြားခဲ့ပြီး အဲဒီနောက်မှာပဲ အချစ်သစ်ကို အချိန်တိုအတွင်း တွေ့ရှိခဲ့ပါတယ်။ အရီရန်နာဂရန်းဒ်နဲ့ ချစ်သူသစ် ပီးထ်ဒေးဗစ်ဆန်တို့နှစ်ဦးစလုံးဟာ သူတို့နှစ်ဦး လက်တွဲနိုင်ဖို့အရေး လူနှစ်ဦးရဲ့ အသည်းကို ခွဲခဲ့ကြတာ ဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်က မစ်ခ်မေလာနဲ့ လမ်းခွဲခဲ့ပြီး ပီးထ်ဒေးဗစ်ဆန်ကလည်း ကတ်ဇီဒေးဗစ်ကို ချန်ထားခဲ့တာ ဖြစ်ပါတယ်။




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## စိတ်သာပဓာန လူ့ဘဝ

လူ့ဘဝတွင် စိတ်ထားမွန်မြတ်စွာ ထားတတ်ကြစေရန် စာရေးသူအရှင်မာနိတ (ရွှေပြည်သာ) စီစဉ်ရေးသားသည့် စိတ်သာပဓာန စာအုပ် ထွက်ရှိလာသည်။

လူသားတိုင်း၏ထားရှိသောဆန္ဒသည်လည်း စိတ်မပါဘဲ ဘယ်အရာကိုမျှ ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိ၊ ဝီရိယသည်လည်း စိတ်မပါဘဲ ဘယ်အရာကိုမျှ ပြီးမြောင်အောင်မဆောင်ရွက်နိုင်၊ ထိုနည်းတူ ပညာသည်လည်း စိတ်မပါလျှင် ဘာကိုမျှ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း ဆန္ဒ၊ ဝီရိယ၊ ပညာ အားလုံးတို့သည် စိတ်မပါဘဲ ယင်းတို့ ချည်းသက်သက် ဘာကိုမှမဖြစ်နိုင်၊ စိတ်ရှိမှ ဖြစ်နိုင်၊ စိတ်ရှိမှပြီးမြောက်အောင်မြင်နိုင်ကြောင်း၊ ကုသိုလ်ကောင်းမှု၏မူလအစသည်စိတ်၊ အကုသိုလ် မကောင်းမှု၏ မူလအစသည်လည်း စိတ်ပင်ဖြစ်သည်။ ထို့ကြောင့် စိတ်သည်အရာရာကို အောင်မြင်ပြီးမြောက်နိုင်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။




စာအုပ်ကို သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်၊ အမှတ်(၂၊ ၃)၊ရွှေတိဂုံတောင်ဘက်မုခ်ဈေးတော်ရုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - ၃၈၇၈၄၉နှင့် ၀၉ - ၅၁၂၅၂၈၅တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## လက်တွေ့ဝါးမျိုးပွားခြင်းနှင့် ဝါးစိုက်ပျိုးပြုစုခြင်း စာအုပ်

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဒေါက်တာစန်းဝင်း ရေးသားသော လက်တွေ့ဝါးမျိုးပွားခြင်းနှင့် ဝါးစိုက်ပျိုးပြုစုခြင်းစာအုပ် နဝမအကြိမ် ထုတ်ဝေခဲ့ပါသည်။ အကြိမ်တိုင်းတွင် သုတေသနနှင့်သတင်းအချက်အလက် အသစ်များကိုဖြည့်စွက်ခဲ့ရာ ယခုအကြိမ်တွင် ဝါးမျိုးစေ့သိုလှောင်နည်းအကြောင်းနှင့် ဝါးကိုနှစ်ရှည်သီးပင်များတွင် လေကာတန်းအဖြစ် စိုက်သင့်ပုံတို့ကို ထည့်သွင်းရေးသားထားသည်။ စာအုပ်ဈေးနှုန်းမှာ ယခင်အတိုင်း ငွေကျပ် ၂၀၀၀ ဖြစ်သည်။ ဖုန်း - ၀၉၄၄၈၅၃၃၆၁၂ နှင့်အီးမေးလ် (sanwin.env@gmail.com) တို့တွင် မှာယူနိုင်ကြောင်းသိရသည်။



## ဘဝဝန်းကျင် ပန်းဥယျာဉ် ကဗျာများ




စာရေးဆရာ တက္ကသိုလ်စိုးယဉ် စီစဉ်ရေးသားသည့် ဘဝဝန်းကျင် ပန်းဥယျာဉ် ကဗျာများစာအုပ် ထွက်ရှိလာသည်။

ကဗျာဖတ်ရှုလိုသူများအတွက် စာရေးသူ၏ကဗျာများသည် စေတနာရနံ့၊ မေတ္တာရနံ့များသင်းထုံပျံ့လျက်ရှိကာ ဘုရားစကားကိုလူတိုင်း မှတ်သားနာယူစေလိုပြီး ဘာသာသာသနာကို နေလပမာထွန်းလင်းစေသည်။ လူသားတိုင်း၏ စိတ်နှလုံးတွင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာထုံမွှမ်းစေလိုသောကြောင့် ဘုရားစကား၊ နေလပမာလင်းစေရာ၊ မေတ္တာကိန်းပါငြိမ်းစေရာ၊ မေတ္တာထုံမွှမ်းအေးချမ်းစေ၊ စက်ကွင်း၊ စွမ်းအား ဝေစည်မြဝတီ၊ ချီးကျူးမကုန်ဦးစဂုဏ်၊ ရှေ့သို့၊ နိုင်ငံချစ်စိတ်၊ သားကောင်းစစ်သည်ရှေ့သို့ချီ စသည်ဖြင့် ကဗျာအပုဒ်ပေါင်း ၉၀ကျော်ပါရှိသည်။

စာအုပ်ကိုနိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ရန်ကုန်ဘူတာကြီး၊ အမှတ်(၁) စကြံ၊ ပန်းဆိုတန်းခုံးကျော်တံတားအောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၉၇၃၆၅၃၆၂၅က တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

## ဆီးချို သွေးချိုရောဂါနှင့် မြန်မာ့ဓလေ့အစားအစာ




ဆီးချို သွေးချိုရောဂါရှင်များ မြန်မာ့ဓလေ့အစားအသောက်များ၏ အာဟာရနှင့် ဗဟုသုတအချို့ကိုလေ့လာနိုင်စေရန် စာရေးဆရာ ဒေါက်တာလှကြည် (အာဟာရဆရာဝန်ကြီး)စီစဉ်ရေးသားသည့် ဆီးချိုသွေးချိုရောဂါနှင့် မြန်မာ့ဓလေ့အစားအစာ စာအုပ်ထွက်ရှိလာသည်။

ဆီးချိုသွေးချိုရောဂါရှိသူများ အသက်ရှည်ကျန်းမာလိုသူတိုင်း စားသုံးသင့်သည့်အစားအသောက်များကို ရွေးချယ်ပြီး ချင့်ချိန်စားသောက်ဖို့သာဖြစ်သည်။ ဆီးချိုသွေးချိုရောဂါရှင်များသည် သွေးထဲတွင် သကြားဓာတ် (သွေးချို)တက်လွန်းကျလွန်းတို့မဖြစ်အောင်ထိန်းခြင်း၊ လိုအပ်သည့် အင်အား (ကယ်လိုရီ) နှင့် အာဟာရဓာတ်တွေကို စုံလင်ပြည့်ဝမျှတစွာရရှိ အောင်စားသုံးခြင်း၊ လိုအပ်လျှင် ကိုယ်အလေးချိန်လျှော့ပြီး သင့်တော်သည့် ကိုယ်အလေးချိန်ကိုထိန်းထားခြင်း၊ နှလုံးသွေးကြောရောဂါဖြစ်နိုင်သည့် အလားအလာနည်းအောင် နေထိုင်စားသောက်ခြင်းဖြင့် ကာလရှည်ကြာစွာနေထိုင်နိုင်ကြမည်ဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် - ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိ သည်။

## Microsoft Excel 2016 (Vol:II)




ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Aung Myint (M.E., Australia) စီစဉ်သည့် Microsoft Excel 2016(Vol:II) စာအုပ်ထွက်ရှိလာသည်။

ကွန်ပျူတာဖြင့် လုပ်ကိုင်နေသူများ လွန်စွာနှစ်သက် သဘောကျသည့် Microsoft Excel 2016 ၏ဒုတိယပိုင်းကို အခန်း(၆)မှ အခန်း(၁၁)အထိပါဝင်သည့် Excel Data Analysis၊ Excel Functions၊ Excel VBA၊ Code Execution ၊ Forms and Controls နှင့် Numerical Method တို့ဖြစ်သည်။ Data Analysis သည်ကား Excel အတွက် အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ Data တွေကိုမည်သို့စုစည်းပြီး မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်ရမည်ဖြစ်သည်။ Excel Worksheet ထဲက ဆက်သွယ်မှုရှိသော Data များကိုTable အဖြစ် ဖွဲ့စည်းပေးမည်ဆိုလျှင် ယင်းဇယားကနေ Data များကိုရှာပြီး အသုံးပြုလို့ လွယ်ကူလာမည်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ ဖုန်း ၀၁ - ၅၄၁၇၄၅နှင့် ၀၁ - ၅၅၂၁၀၄တို့က တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## သားတို့သမီးတို့အတွက် လိမ္မာယဉ်ကျေး နေထိုင်ရေး

စာရေးဆရာ လင်းသက်ခိုင် စီစဉ်ရေးသားသည့် သားတို့သမီးတို့အတွက် လိမ္မာယဉ်ကျေး နေထိုင်ရေးစာအုပ် ထွက်ရှိလာသည်။

သားတို့ သမီးတို့ နေထိုင်ရာလူမှုပတ်ဝန်းကျင်တွင် ပြောတတ်၊ ဆိုတတ်၊ နေထိုင်တတ်စေရန် လိမ္မာယဉ်ကျေးအောင်ဆိုသည့် မှတ်သားဖွယ်ရာကဏ္ဍများကို ကလေးသူငယ်များဖတ်လိုက်သည်နှင့် နားလည်နိုင်စေရန် သရုပ်ဖော်ပုံများနှင့်တကွဖော်ပြထားသည်။သားငယ်၊ သမီးငယ်တို့ အိမ်မှာ နေရင် ဘယ်လိုနေရမယ်၊ ကျောင်းမှာနေရင်ဘယ်လိုနေရမယ်၊ သန့်ရှင်းအောင်ဘယ်လိုနေရမယ်၊ လမ်းပေါ်မှာ ယဉ်ကျေးစွာ နေရမယ်၊ မုန့်စားတန်းမှာ ဘာတွေဝယ်စားမယ်၊ ကျောင်းပိတ်ရက်မှာ ဘာလုပ်မယ် စသည့်ကဏ္ဍများအပြင် သားငယ်၊ သမီးငယ်များအတွက် စိတ်ပျော်ရွှင်မှုရရှိနိုင်စေရန်နှင့် အင်္ဂလိပ်စာတိုးတက်စေရေးအတွက် မြန်မာနှင့်အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည်။




စာအုပ်ကို ဇေပြီးစာပေ၊ တိုက် - ၁၂၊ အခန်း - ၆၄၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၇၃၀၆၀၂၆၉နှင့် ၀၉ - ၇၇၀၈၅၀၄၆၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**မိုးညို ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လူထုဗဟိုပြုစီမံကိန်း(CDD) တတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက မိုးညိုမြို့ရှိ ဝေဇယန္တာ ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီမံကိန်းတတိယနှစ်စက်ဝန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ကျေးရွာများမှတက်ရောက်လာသော စီမံကိန်းကော်မတီဝင်များကို အဖွဲ့ငယ်များခွဲကာ စီမံကိန်းခေါင်းစဉ်တစ်ခုချင်းစီအလိုက် ဆွေးနွေးသုံးသပ်ကြပြီး တစ်ဖွဲ့ချင်းစီမှ သုံးသပ်ရရှိချက်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တတိယနှစ်စက်ဝန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အကောင်းဆုံးကျေးရွာအုပ်စု သုံးစုနှင့် ကျေးရွာသုံးရွာတို့ကို ရွေးချယ်၍ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တိုင်းဒေသကြီးကျေးလက်ဦးစီးမှူး ဦးမျိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြတ်သူရိန်**

## သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး လူကူးစကြံတည်ဆောက်ရေး အလှူငွေပေးအပ်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ဆောင်များသို့ ဆေးကုသမှုခံယူသောလူနာများ သွားလာရန်လိုအပ်လျက်ရှိသော လူကူးစကြံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဇွန် ၁၂ ရက် ညနေ ၄ နာရီက ဆေးရုံအုပ်ကြီး ရုံးခန်းမ၌ ကျင်းပသည်။



အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ဦးစိန်လွင်၊ ဇနီးဒေါ်ဖြူဖြူခိုင်မိသားစု (ရတနာရှင်းသန့်ကုမ္ပဏီ)က ဆေးကုသဆောင် လေးဆောင်တွင် လူကူးစကြံတည်ဆောက်ရေးအတွက် အလှူငွေကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးနေလင်းအောင်၊ ဦးအောင်နိုင်ထွန်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးတို့က လက်ခံရယူခဲ့ကြောင်းသိရသည်။

**သက်နိုင်(သန်လျင်)**

**NELC** "Don't Worry, Just Speak!"




## Communicative English Classes

OVER 16 YEARS OLD

- Intro
- Level-1,2,3
- Listening/Speaking-1&2
- Grammar
- IELTS Foundation

မြေနီကုန်း - 01 526311, 523680 ပိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
မြင်းခြံ - 09 400306019 နေပြည်တော် - 09 782009390 လားရှိုး - 082 26611 တာချီလိတ် - 084 52572



**နှစ်ပတ်သောမိဘများကိုအမှူးထား၍**
ဦးရဲမြိုး (ခ) ဝင်းညွန့် + ဒေါ်ခင်လှရီ၊ သား
မောင်ဝင်းပြည့်စုံဖြိုး "ဖြိုး" စားသောက်ဆိုင် ဒဂုံဈေး
အဝေးပြေး လှိုင်သာယာ မိသားစုတို့မှ လေးဆူဓါတ်ပုံ
ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြား
(၅) ကျပ်သားနှင့်လျော်ညီသောအလှူငွေသိန်း
(၄၀၅၀၀၀၀)ကျပ်တိတိတို့ကိုလှူဒါန်းပါသည်။

### ဖခင်အမည်မှန်

ပိန်းဇလုပ်မြို့၊ အလက(ခွဲ)၊ ကင်မွန်းခြံ ပထမတန်းမှ မဖူးပွင့်ခိုင်နှင့် ပဥ္စမတန်းမှ မောင်ဝေဖြိုးခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစောသောင်းဝင်း (ခ)ဖိုးရယ် [၂/ဒမဆ (နိုင်)၀၀၁၇၇၁] ဖြစ်ပါကြောင်း။

**ဦးစောသောင်းဝင်း(ခ)ဖိုးရယ်**

23 မဆလ

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂေါ်ဖီ၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

### ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ သာဝတ္တိ အထက ပဥ္စမတန်း (E) မှ မကြည်ကြည်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးလှမင်းထိုက် [၉/ပမန(နိုင်)၁၆၉၉၉၃] ဖြစ်ပါကြောင်း။

**ဦးလှမင်းထိုက်**

**ရွှေဝါ တည်းခိုရိပ်မွန်**
(ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်အနီး) လုံခြုံ ကားပါကင်
TEL : 01-551571, 0986-17-283

STARFISH Education | KAPLAN Certified Education Provider
World class training for IELTS | TOEFL | SAT | GMAT | GRE
General English & Business English

တက္ကသိုလ်ဝင်တန်း အောင်စာရင်းထွက်ပြီးနောက် ရွေးချယ်သင့်သည့် ဘာသာရပ်များနှင့် တက္ကသိုလ်များအကြောင်း ဟောပြောပွဲ



Dr. Thida Kyu — Professor (Head), Department of Economics, Yangon University of Economics
Dr. Nu Nu Aye — Professor (Head), Department of Pharmacology, University of Medicine (1)
Dr. Theingi — Rector, Technological University (Thanlyin), Yangon
Dr. Poe Poe — Professor (Head), Department of English, University of Yangon
Daniel Sang — Founder and Principal, STARIFSH Education

Time • 9:00 am ~ 12:00 Nn  Date • 16th June 2018 (Saturday)  Place • IBC (International Business Center)
09 777264230~31, 09 766999775, 09 799905715 သို့ဆက်သွယ်စာရင်းပေးတက်ရောက်နိုင်ပါသည်။ www.starfishkcep.com.mm info@starfishedu.com Starfish Education

**ရောင်းမည်**
ရန်ကုန်လိုင်စင်နှင့် အသုံးပြုပြီးသော ကိုရီးယားကုန်တင် ၁၄ ဘီးကားများ၊ မီနီဘတ်(စ်)၊ စီတီးဘတ်(စ်) ကားများကို ညှိနှိုင်းဈေးနှုန်း ဖြင့် ရောင်းမည်။
၁၄ ဘီးကုန်တင်ကားများ - 6C, 3F
မီနီဘတ်(စ်)ကားများ - 2H, 2I, 9I, 7M
စီးတီးဘတ်(စ်)ကားများ - 1K, 4K, 7K, 9K, 1L
ဆက်သွယ်ရန်ဖုန်း - ၀၉ ၉၅၃၁၃၉၆၃၃၊ ၀၉ ၄၂၀၇၆၅၅၆၊ ၀၉ ၂၅၃၅၄၁၃၃၊ ၀၉ ၂၆၁၀၇၉၇၁၁

ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။
ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့၍
ကျောင်းတွင်းထူးချွန်ဆုရကျောင်းသားများကိုလည်း နှစ်စဉ်နှစ်တိုင်းမွေးထုတ်ပေးနေသော ပညာမြင်းမိုရ်



တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

**ပညာမြင်းမိုရ်**
၅-တန်း မှ ၁၀-တန်း အထိ စာသင်တန်းများ စ ပြီ။
၁၀-တန်း Repeater တန်းခွဲသစ်များ လက်ခံနေပါပြီ။

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈
**၅–တန်း မှ ၁၀–တန်း အထိ ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ**
- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက် စိတ်ကြိုက်အပ်နှံနိုင်သောအမျိုးအစားများ နေ့ကျောင်း၊ ဘော်ဒါ၊ တစ်ဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။

Repeater တန်းခွဲသစ်များ June လ လယ် စမည်။
အမှတ် ၁၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
09 965800961, 09 73004720, 09 778912697, 09 445340077, 01 8562830
ကျောင်းကား ရှိပါသည်။

အမေရိကန်ကောလိပ်များမှတစ်ဆင့် ထိပ်တန်းတက္ကသိုလ်ကြီးများသို့ ကျောင်းဝင်ခွင့်ရရှိစေမည့်
"Pathways to the USA Top 100 Universities" ပညာရေးလမ်းညွှန်ဆွေးနွေးပွဲ

Kings Education



Top USA Universities Education Seminar

| DATE | TIME | VENUE |
| --- | --- | --- |
| 16.6.2018 | 2:00 PM ~ 4:00 PM | Pinya Room, Sule Shangri-la Hotel |

Guest Speaker
Phuong Tran
Regional Manager

ဆွေးနွေးပေးမည့် အကြောင်းအရာများ ...
- Kings ကောလိပ်များ၏ Guarantee Transfer Program များအကြောင်း၊
- Kings ကောလိပ်များတည်ရှိရာ (Los Angeles, New Jersey, Wisconsin, Boston, New York) Campus များအကြောင်း၊
- ဘွဲ့ဒီဂရီများအတွက် ရွေးချယ်နိုင်မည့် ဘာသာရပ်ဆိုင်ရာ ပညာရေးလမ်းကြောင်းများ အကြောင်း၊
- Kings ကောလိပ်များ၏ သင်ကြားမှုပုံစံများနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာပြင်ဆင်ထောက်ပံ့ပေးမှုများအကြောင်း၊

AT&S International Education Services
အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပတ်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။
☎ ၀၁ - ၅၂၁၁၂၅ 📱 ၀၉ - ၅၀၆၂၁၆၁ 📱 ၀၉ - ၇၉၉၅၉၁၉၄၉

**တာက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

**KO YE**
ဒဂုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
09421120927

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း(PEACE TALK) တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဇွန်  ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း(PEACE TALK) ကို ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပမည် ဖြစ်သည်။

**နံနက် ၁၀ နာရီမှ စတင်ထုတ်လွှင့်မည်**

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၁၀ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ Myanmar International (MITV)၊ MNTV၊ Skynet Up to Date၊ Skynet လွှတ်တော်၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MIR Radio၊ Myanmar President Office Facebook Page၊ Myanmar State Counsellor Office Facebook Page၊ Information Committee Facebook Page၊ MOI Web Portal Myanmar Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝတွင် တွေ့ရှိသော လှေစီးဒုက္ခသည်များအား ဥပဒေနှင့်အညီ စနစ်တကျစိစစ်၍ ဆောင်ရွက်ပေးသွားမည်

**စစ်တွေ  ဇွန်  ၁၃**

ဇွန် ၁၁ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝ သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ ပျက်စီးနေသော စက်လှေတစ်စင်းနှင့် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄ ဦးတို့အား စိစစ်တွေ့ရှိခဲ့ပြီး တာဝန်ရှိသူများက ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိစစ်မှုများ ပြုလုပ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြင့်တိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးတို့နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၂ ရက် ညနေပိုင်းတွင် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး လှေစီးဒုက္ခသည်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုလုပ်ငန်းစဉ်သည် ဒုက္ခရောက်နေသူများအား မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကူညီခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ထွက်ဆိုသူများအား သံတမန်နည်းလမ်းဖြင့် လိုအပ်သောစီစဉ်ဆောင်ရွက်မှုများ ပြုလုပ်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်ပြီးသူများကိုလည်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ဆွေမျိုးများထံသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ စီစဉ်မှုများဆောင်ရွက်နေစဉ်ကာလအတွင်း စခန်းအတွင်း စည်းကမ်းတကျနေထိုင်၍ ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အခက်အခဲများရှိလျှင် ပွင့်လင်းစွာတင်ပြစေလိုကြောင်း ပြောကြားသည်။

ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဆွေမျိုးများရှိသော လှေစီးဒုက္ခသည်များက ၎င်းတို့အနေဖြင့် ဆွေမျိုးများထံ ဇွန် ၁၆ ရက်တွင် ပြန်လိုကြောင်း၊ ဆွေမျိုးမရှိသောသူများက ၎င်းတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း၊ လက်ရှိ စိစစ်ဆဲကာလတွင် စည်းကမ်းတကျ နေထိုင်၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆**

# ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အပါအဝင် ပွဲစဉ် ၁၆ ပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဇွန်  ၁၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ ကျင်းပသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက် အထိ ရုရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ၊ Round of 16 ပွဲစဉ်အချို့၊ Semi Finals နှင့် Final ပွဲစဉ်အပါအဝင် စုစုပေါင်း ၁၆ ပွဲကိုမြန်မာ့ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ လုဇ်နီကီ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ ယင်းနေ့ ည ၈ နာရီခွဲမှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ရောဝတီတိုက်စစ်ကို မကွေးဖျက်ထုတ်ကာကွယ်နေစဉ်။**

# နိုင်ပွဲရခဲ့သည့် မကွေးနှင့်ရန်ကုန် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံ

ရန်ကုန်  ဇွန်  ၁၃

**၂၀၁၈ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက် ပြိုင်ပွဲ ကွာတားဖိုင်နယ်(ပထမနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ မကွေးနှင့်ရန်ကုန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။**

(အောင်ဆန်းကွင်း)
မကွေး - ၁၂ ဂိုး
ရောဝတီ - ၁၁ ဂိုး

ချန်ပီယံဆု သုံးကြိမ်ရဖူးသည့် ရောဝတီအသင်းသည် တစ်ကျော့ပြန်အောင်မြင်မှုရရေး ကြိုးပမ်းခဲ့သော်လည်း ပင်နယ်တီတွင် အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ယခုပွဲမှာ ပင်နယ်တီအထိ အဆုံးအဖြတ်ခံယူခဲ့ရပြီး မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေ၊ အချိန်ပိုတွင် ဂိုးမရှိသရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ မကွေးအသင်းက ၁၀ ဂိုး-၉ ဂိုး စုစုပေါင်း ၁၂ ဂိုး-၁၁ ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရောဝတီအသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သလို မကွေးအသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ အသင်းကြီးနှစ်သင်းတွေ့ဆုံသောကြောင့် အကြိတ်အနယ်ရှိမည်ဟု ထင်မှတ်ထားသော်လည်း ဘောလုံးအပျက်များနေ၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ သို့သော် မကွေးအသင်း၏ တိုက်စစ်တွဲလုံးများမှာ ထိရောက်မှုရှိသောကြောင့် ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သည်။ ၄၂ မိနစ်တွင် မကွေးအသင်း ဂိုးစရခဲ့ပြီး ဇေယျာနိုင်က အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်း၏ ချေပဂိုးရရှိရန် ရုန်းကန်မှုကြောင့် အပြန်အလှန်ရှိလာခဲ့သည်။ ၅၆ မိနစ်တွင် မကွေးအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး မောင်မောင်စိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် ရောဝတီအသင်း **စာမျက်နှာ ၁၃ ကော်လံ ၄ သို့ ✳**

